# တကျော့ပြန် သတင်းလောက အမှောင်ခေတ်

## သတင်းသမားများ၊ သတင်းမီဒီယာလုပ်ငန်းများအတွက် စိန်ခေါ်မှု နှင့် မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာဆန်းစစ်ချက်

အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့



# တကျော့ပြန် သတင်းလောက အမှောင်ခေတ်

## သတင်းသမားများ၊ သတင်းမီဒီယာလုပ်ငန်းများအတွက် စိန်ခေါ်မှု နှင့် မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာဆန်းစစ်ချက်

သုတေသနအစီရင်ခံစာ

အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုအဖွဲ့

# မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အဖွဲ့အစည်းနောက်ခံအကျဉ်း | ၁ |
| | သုတေသနနည်းလမ်း | ၁ |
| အခန်း (၁) | နိဒါန်း | ၂ |
| အခန်း (၂) | သတင်းမီဒီယာလုပ်ငန်းများ၊ သတင်းသမားများအတွက် လွတ်လပ်ခွင့်နှင့် ရပိုင်ခွင့်များအပေါ် ဖိနှိပ်ကန့်သတ်မှုများ | ၆ |
| အခန်း (၃) | ဥပဒေများပြင်ဆင်ပြဋ္ဌာန်းပြီး သတင်းသမားများအား ဖိနှိပ်ခြင်း | ၂၀ |
| အခန်း (၄) | သတင်းမီဒီယာလုပ်ငန်းနှင့် သတင်းသမားများ၏ ရပ်တည်ရေး ခြိမ်းခြောက်ခံရခြင်း | ၂၉ |
| အခန်း (၅) | အင်တာနက်နှင့် ဖုန်းလိုင်းများ ဖြတ်တောက်ခြင်းကြောင့် မီဒီယာအပေါ် သက်ရောက်မှု | ၃၃ |
| အခန်း (၆) | သတင်းမီဒီယာနှင့် သတင်းသမားအခွင့်အရေးဆိုင်ရာများ ဆောင်ရွက်သည့် သတင်းသမားအဖွဲ့အစည်းများ အားနည်းလာခြင်း၏ သက်ရောက်မှုများ | ၃၄ |
| အခန်း (၇) | ပြည်တွင်းမီဒီယာများ ရပ်တည်ရှင်သန်ရေးအတွက် အကြံပြုချက်များ | ၃၉ |

## အဖွဲ့အစည်းနောက်ခံအကျဉ်း

အသံအဖွဲ့ကို လူ့အဖွဲ့အစည်းအတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရရှိရေးအတွက် ရည်ရွယ်၍ လူငယ်များ စုစည်းကာ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အသံအဖွဲ့သည် သုတေသနကို အခြေခံထားသော အဖွဲ့အစည်းဖြစ်ပြီး သုတေသန၊ စည်းရုံးလှုံ့ဆော်ရေးနှင့် သင်တန်းပို့ချခြင်း လုပ်ငန်းများကို အစဉ်တစိုက်လုပ်ဆောင်ခဲ့သော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အဟန့်အတားဖြစ်သည့် ဥပဒေများ၊ ဓလေ့ထုံးတမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို စဉ်ဆက်မပြတ်လေ့လာဖော်ထုတ်မှတ်တမ်းတင်ခြင်း၊ အဖွဲ့၏ သုတေသနတွေ့ရှိချက်များအပေါ် အခြေခံ၍ ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီသည့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်လာစေရေး ဆောင်ရွက်ခြင်း၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အပြည့်အဝရရှိစေရန် သက်ဆိုင်ရာအဆင့်အလိုက်၊ ကဏ္ဍအလိုက် စည်းရုံးလှုံ့ဆော်ဆွေးနွေးမှုများဆောင်ရွက်သွားခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့သည်။ အသံအဖွဲ့၏ မျှော်မှန်းချက်မှာ ဒီမိုကရေစီစံနှုန်းတစ်ခုဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အပြည့်အဝ ရရှိသော လူ့အဖွဲ့အစည်းဖြစ်လာရန် ရည်သန်သည်။

## သုတေသနနည်းလမ်း

**"တကျော့ပြန် သတင်းလောက အမှောင်ခေတ် - သတင်းသမားများ၊ သတင်းမီဒီယာလုပ်ငန်းများအတွက် စိန်ခေါ်မှု နှင့် မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာဆန်းစစ်ချက်"** အစီရင်ခံစာသည် စစ်တပ်မှ အာဏာသိမ်းခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သတင်းမီဒီယာလုပ်ငန်းများနှင့် သတင်းသမားများ ရင်ဆိုင်ခဲ့ရသည့် စိန်ခေါ်မှုများ၊ သတင်းလွတ်လပ်ခွင့်များနှင့် သတင်းသမားအခွင့်အရေးများချိုးဖောက်ခံရမှုများကို မှတ်တမ်းပြုစုရေးသားခြင်းဖြစ်သည်။

အစီရင်ခံစာကို ရေးသားရာတွင် ယုံကြည်စိတ်ချရသည့် အွန်လိုင်းသတင်းမီဒီယာများမှ သတင်းများအပေါ် စောင့်ကြည့်ခြင်းနှင့် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ထုတ်ပြန်သော သတင်းသမားများ ဖမ်းဆီးထိန်းသိမ်းခံရမှု အစီရင်ခံစာများအား ကိုးကားပြီး ကဏ္ဍအလိုက် ခွဲခြမ်းစိတ်ဖြာမှတ်တမ်းပြုစုခဲ့ခြင်းဖြစ်သည်။ လက်တွေ့အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရသော သတင်းသမားများနှင့် သတင်းဌာနမှ တာဝန်ရှိသူများကို ဆက်သွယ်မေးမြန်းခြင်းနှင့် သတင်းဌာန (၁၃) ခု နှင့် သတင်းသမား (၈၀) ကျော်တို့အား စစ်တမ်းကောက်ယူခြင်း၊ ဥပဒေရေးရာနှင့် သတင်းသမားများ၏ ရှေ့နေတချို့နှင့် ဆက်သွယ်မေးမြန်းခြင်း၊ သတင်းမီဒီယာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် မေးမြန်းဆွေးနွေးခြင်းများကို ပြုလုပ်ထားခြင်းဖြစ်ပါသည်။

ယခုကာလသည် သတင်းသမားများ ဘေးကင်းလုံခြုံရေးကို ဦးစားပေးရမည်ဖြစ်ခြင်းကြောင့် အစီရင်ခံစာပါ ဖော်ပြမှုတချို့တွင် အမည်၊ သတင်းဌာန၊ နေထိုင်ရာနေရာများကို မဖော်ပြခြင်းဖြစ်ပါသည်။

# အခန်း(၁) နိဒါန်း

## ၁.၁။ သတင်းလွတ်လပ်ခွင့်နောက်ခံအခြေအနေ

မြန်မာ့သမိုင်းတလျှောက် သတင်းလွတ်လပ်ခွင့် ဆုံးရှုံးခဲ့ရမှုများကို နောက်ကြောင်းပြန်ကြည့်မည်ဆိုလျှင် ခေတ်အဆက်ဆက် သတင်းလွတ်လပ်ခွင့်ဆုံးရှုံးမှုများတွင် စစ်တပ်ကအာဏာသိမ်းပြီးနောက် သတင်းသမားများနှင့် သတင်းဌာနများကို တရားစွဲဆိုခြင်း၊ ဖမ်းဆီးခြင်း၊ အကြမ်းဖက်နှိပ်စက်ခြင်း၊ တရားမဲ့ဖမ်းဆီးခြင်းများနှင့် ရာဇဝတ်ဆိုင်ရာပုဒ်မများဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခြင်းများသည် သမိုင်းတလျှောက် သတင်းမီဒီယာများဖမ်းဆီးခံရခြင်းများတွင် အဆိုးရွားဆုံးအခြေအနေ တရပ်ဟု ဆိုရပေမည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၅၈ ခုနှစ်၌ ပထမဆုံးအကြိမ် စစ်တပ်က အာဏာသိမ်းယူခဲ့ရာတွင် သတင်းစာဆရာများကို ကိုကိုးကျွန်းသို့ ပို့ဆောင်ပြီး ဖမ်းဆီးသကဲ့သို့ စစ်အစိုးရကို ဝေဖန်ခဲ့သည့် လူထုနှင့် ကြေးမုံ ပုဂ္ဂလိကသတင်းစာများကို ပိတ်သိမ်းခဲ့သည်။

၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သည့် စစ်တပ်က အာဏာသိမ်းပြီး တော်လှန်ရေးကောင်စီကာလတွင် သတင်းလောကအတွက် အဆိုးရွားဆုံးသော သတင်းလွတ်လပ်ခွင့်ကန့်သတ်ခံခဲ့ရခြင်းနှင့် အတူ ပုဂ္ဂလိကသတင်းစာအားလုံး ရပ်ဆိုင်းသွားခဲ့ရသည်။ ထိုကာလတွင် သတင်းသမားများသည်လည်း ၎င်းတို့ကို ဆန့်ကျင်တော်လှန်သည့် နိုင်ငံရေးသမားများကဲ့သို့ပင် နှစ်ရှည်ဖမ်းဆီးထောင်ချခြင်း ခံခဲ့ရသည်။

၁၉၈၈ ခုနှစ်တွင် တတိယအကြိမ်မြောက် စစ်တပ်က အာဏာသိမ်းခဲ့ပြန်သည်။ ထိုကာလတွင်လည်း သတင်းသမားအများအပြား ဖမ်းဆီးခံခဲ့ရပြန်သည်။

ယခု ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် သမိုင်းတလျှောက် စတုတ္ထအကြိမ်မြောက် စစ်တပ်က အာဏာသိမ်းခဲ့ပြန်သည်။ ထိုအာဏာသိမ်းမှုသည် ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်း ကာလကဲ့သို့ပင် သတင်းသမားများနှင့် သတင်းဌာနများအပေါ် ဖိနှိပ်မှုနှင့် လိုင်စင်ပိတ်သိမ်းမှုများ ပြုလုပ်ခဲ့ပြီး ပုဂ္ဂလိက သတင်းဌာနများနှင့် သတင်းသမားများ လုံးဝ ရပ်တည်မရနိုင်စေရန် အပြင်းထန်ဆုံးနှင့် အဆိုးရွားဆုံး ဖိနှိပ်ကန့်သတ်မှုများ လုပ်ဆောင်ခဲ့သည်။

ယခု စစ်တပ်၏ စတုတ္ထအကြိမ်မြောက် အာဏာသိမ်းမှုမှ သတင်းလွတ်လပ်ခွင့်ဆုံးရှုံးမှုသည် ၁၉၆၂ ခုနှစ် ဒုတိယအကြိမ် စစ်တပ်က အာဏာသိမ်းကာလ သတင်းလွတ်လပ်ခွင့် ဆုံးရှုံးမှုထက် ပိုမိုဆိုးရွားခဲ့ပြီး ရာချီသော သတင်းထောက်များ ဖမ်းဆီးခံခဲ့ရသည့်အပြင် သတင်းဌာန(၉)ခု ထုတ်ဝေခွင့် ပိတ်သိမ်းခံရခြင်းနှင့် သတင်းသမားများ၏ သတင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်နှင့် ထုတ်လုပ်ခွင့် မရစေရန် ဖမ်းဆီးခြင်း၊ ရှာဖွေခြင်း၊ စောင့်ကြည့်ခြင်း၊ ဟန့်တားခြိမ်းခြောက်ခြင်းများ လုပ်ဆောင်ခဲ့သည်။

ဖမ်းဆီးခံရသည့် သတင်းထောက်များထဲမှ တချို့မှာ အထူးတရားရုံးများတွင် ကြီးလေးသော ရာဇဝတ်မှုပုဒ်မများ တပ်ကာ တရားစွဲဆိုခံရခြင်း၊ အကြောင်းမဲ့ ဖမ်းဆီးနှိပ်စက်ခံရခြင်း၊ စစ်တပ်၏ စစ်ကြောရေးစခန်းများတွင် ကာလကြာမြင့်စွာ ဖမ်းဆီးချုပ်နှောင် နှိပ်စက်ခံရခြင်း၊ခြိမ်းခြောက်ခံ ရခြင်း များကြုံခဲ့ကြရသည်။

အာဏာသိမ်းပြီး နောက်တစ်ရက် ဖေဖော်ဝါရီလ (၂)ရက်နေ့မှ စ၍ သတင်းလွတ်လပ်ခွင့်ကို အမိန့်ကြေညာစာ တစ်ရပ်ထုတ်ပြန်ပြီး စတင်ကန့်သတ်လာခဲ့သည်။

ထို့နောက် သတင်းဌာနများ (၉)ခုကို ဆက်တိုက်ဆိုသလို ပိတ်သိမ်းအရေးယူမှုများ လုပ်ဆောင်ခဲ့ပြီး သတင်းဌာနများ၏ ရုံးများသို့ ဝင်ရောက်ပြီး သတင်းလုပ်ငန်းသုံးပစ္စည်းများကို ရှာဖွေသိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်း၊ သတင်းဌာန ဦးဆောင်သူများကို ဖမ်းဆီးခြင်းများပြုပြီးနောက် သတင်းထောက်များကို ဆက်တိုက်ဆိုသလို ဖမ်းဆီးအရေးယူမှုများပြုလုပ်ခဲ့သည်။ ထို့အပြင်ဧရာဝတီသတင်းဌာနကိုလည်း တရားစွဲဆိုခဲ့သည်။

သတင်းသမားတချို့ကို အကြမ်းဖက်ဖမ်းဆီးမှုများ လုပ်ဆောင်ခဲ့ပြီး သတင်းသမားများနေထိုင်ရာ ရုံးများနှင့် နေအိမ်များတွင် ဝင်ရောက်ဖမ်းဆီးမှုများ ဆက်တိုက်ဆိုသလို လုပ်ဆောင်လာခြင်းကြောင့်ပင် သတင်းသမားတိုင်း သတင်းလုပ်ငန်းများကို ကောင်းမွန်စွာ မလုပ်ဆောင်နိုင်ခြင်းကြောင့် ပြည်တွင်းနေရာအနှံ့ အပြားသို့ ထွက်ပြေးတိမ်းရှောင်ခြင်း၊ အာဏာသိမ်းစစ်တပ်လက်လှမ်းမမှီနိုင်သော တိုင်းရင်းသား လက်နက်ကိုင် ထိန်းချုပ်နယ်မြေများတွင် ထွက်ပြေးခိုလှုံခြင်းနှင့် ပြည်ပနိုင်ငံများသို့ ပြောင်းရွှေ့နေထိုင်ခြင်းများ လုပ်ဆောင်ခဲ့ကြရသည်။

အာဏာသိမ်း စစ်ကောင်စီ၏ သတင်းမီဒီယာအပေါ် နည်းမျိုးစုံဖိနှိပ်မှု အခြေအနေအမျိုးမျိုးက သမိုင်းတလျှောက် သတင်းလွတ်လပ်ခွင့်နှင့် သတင်းလုပ်ငန်းများ ရပ်တည်ရေး၊သတင်းသမားများ၏ ဘေးကင်းလုံခြုံရေးကို အဆိုးရွားဆုံး ဆုံးရှုံးခဲ့ရခြင်းပင်ဖြစ်သည်။

## ၁.၂။ ၁၁ လတာကာလအတွင်း သတင်းမီဒီယာလုပ်ငန်းနှင့် သတင်းသမားများ၏ စိန်ခေါ်မှုဆိုင်ရာ ခြုံငုံလေ့လာသုံးသပ်ချက်

၁၉၆၂ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းမှုမတိုင်မီ ပုဂ္ဂလိက သတင်းစာအစောင် (၄၀) ရှိခဲ့သော်လည်း သတင်းစာလွတ်လပ်ခွင့်အပေါ် ဖိနှိပ်မှုအမျိုးမျိုးကြောင့် တဖြည်းဖြည်းပျောက်ကွယ်ခဲ့ကာ ၁၉၇၂ ခုနှစ်တွင် သတင်းစာ ခုနှစ်စောင်သာ ရှိတော့သည်ဟု “မြန်မာ့သတင်းစာသမိုင်း” တွင်ဖော်ပြထားသည်။ ယခုတဖန် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်တွင် စစ်တပ်ကအာဏာသိမ်းပြီးနောက် ပုဂ္ဂလိက သတင်းစာနှင့်ဂျာနယ်များ ပျောက်ကွယ်ခဲ့ရပြန်သည်။

အာဏာသိမ်းပြီး တစ်လကျော်အကြာတွင် သတင်းဌာနများကို လိုင်စင်ပိတ်သိမ်းခြင်းနှင့် သတင်းဌာနများသို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီးသိမ်းဆည်းခြင်း၊ သတင်းလုပ်ငန်းလုပ်ကိုင်သူများကို ဖမ်းဆီးခြင်းများပြုလုပ်လာပြီးနောက် ပုဂ္ဂလိကသတင်းစာများ၊ အပတ်စဉ်၊ လစဉ်ထုတ်စာစောင်များသာမက ရုပ်သံနှင့် အွန်လိုင်းအခြေပြုမီဒီယာအများအပြား လုံးဝ ရပ်ဆိုင်းသွားခဲ့သည့် အခြေအနေကို တဖန်ကြုံတွေ့ခဲ့ရပြန်သည်။ ထိုအခြေအနေက မြန်မာ့သတင်းမီဒီယာလောက၏ သတင်းလွတ်လပ်ခွင့်နှင့် သတင်းသိပိုင်ခွင့် အခွင့်အရေးများကို အဆိုးရွားဆုံး ထိခိုက်စေခဲ့သည့် ဖြစ်ရပ်ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

သတင်းထောက် ရာချီအဖမ်းခံရခြင်း၊ ၎င်းတို့ထဲမှ သတင်းထောက်တချို့ အကြမ်းဖက်နှိပ်စက်ခံရခြင်းနှင့် ကြီးလေးသော ပုဒ်မများဖြင့် စွဲချက်တင်ခံရခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းများကို သတင်းသမားများ ရင်ဆိုင်ကြုံတွေ့လာရသည့်အတွက် သတင်းဌာနများရပ်တည်ရေးနှင့် သတင်းထုတ်လုပ်ခွင့်ကို အကြီးမားဆုံးထိခိုက်လာခဲ့ပြန်သည်။

သတင်းလုပ်ငန်းလုပ်ကိုင်သူများနှင့် သတင်းထောက်များကို ပစ်မှတ်ထားဖမ်းဆီးမှုများ အရှိန်မြှင့်ဆောင်ရွက်လာခဲ့ခြင်းကြောင့် သတင်းသမားများ သတင်းလုပ်ငန်းကို ကောင်းစွာမလုပ်ကိုင်နိုင်တော့ဘဲ နိုင်ငံ

တဝှမ်းရှိသတင်းထောက်များစွာသည် မိမိနေရပ်နှင့် သတင်းဌာနတို့ကို စွန့်ခွာကာ ထွက်ပြေးနေရခြင်း၊ တိမ်းရှောင်နေရခြင်းများကို လုပ်လာခဲ့ကြရသည်။ထိုအခြေအနေကို ရင်ဆိုင်ကြုံတွေ့နေရသည့် သတင်းဌာနနှင့် သတင်းသမားများ၏ လွတ်လပ်ခွင့်နှင့် ဘေးကင်းလုံခြုံရေးအပေါ် ဆိုးရွားစွာ ထိခိုက်လာခဲ့ရခြင်းဖြစ်သည်။

သတင်းဌာနများ၏ ထုတ်ဝေခွင့်လိုင်စင် ပိတ်သိမ်းအရေးယူမှုအပြင် သတင်းသမားများ အနေဖြင့် ဖမ်းဆီးခံရခြင်း၊ အကျဉ်းထောင်အသီးသီးတွင် အမှုရင်ဆိုင်နေရခြင်း၊ သတင်းသမားတိုင်း ကြောက်လန့်စိုးရိမ်နေရခြင်း၊ သတင်းဌာနများတွင် တာဝန်ထမ်းဆောင်နေကြသည့် သတင်းသမားများမှာ ထွက်ပြေး တိမ်းရှောင်နေရခြင်း၊ သတင်းဌာနများကို ရှာဖွေသိမ်းဆည်းခြင်းနှင့် အမှုဖွင့်ခြင်း၊ တရားစွဲဆိုခြင်းစသည့် လုပ်ရပ်များကြောင့် အာဏာသိမ်းစကာလများတွင် သတင်းစာဂျာနယ်များ လုံးဝရပ်ဆိုင်းသွားရခြင်းနှင့် အွန်လိုင်းသတင်းဌာန (၄၀) နီးပါး ရပ်နားသွားခဲ့သည်။ ထိုအခြေအနေများသည် စစ်ကောင်စီ က သတင်းမီဒီယာများ၏ သတင်းလွတ်လပ်ခွင့်နှင့် အများပြည်သူ၏ သတင်းသိရှိပိုင်ခွင့်ကို ဖိနှိပ်သည့် စစ်ရေးဗျူဟာ၏ သက်ရောက်မှုဖြစ်ခဲ့သည်။ တနည်းဆိုသော် သတင်းအမှောင်ချသည့် လုပ်ရပ်ဖြစ်သည်။

စစ်ကောင်စီသည် သတင်းဌာနများနှင့် သတင်းသမားများအပေါ် အဆိုးရွားဆုံးအကြမ်းဖက် ဖိနှိပ်မှုများ ပြုလုပ်ခဲ့ပြီး သတင်းလွတ်လပ်ခွင့် ပျောက်ကွယ်သွားစေရန် သတင်းဌာနများ၏ ထုတ်ဝေခွင့်များ ရပ်ဆိုင်းလိုက်ခြင်းနှင့် ရပ်သိမ်းပြသခြင်းများ ဖြတ်တောက်ခြင်း၊ သတင်းသမားများ ဖမ်းဆီးထောင်ချခြင်း၊ အကြမ်းဖက်ရိုက်နှက်ခြင်း၊ သတင်းဌာနရုံးများ ဝင်ရောက်ရှာဖွေဖျက်ဆီးခြင်း၊ ရာဇဝတ်မှုပုဒ်မများ တပ်ကာ အရေးယူအမှုဖွင့်ခြင်းနှင့် သတင်းဌာနများနှင့် သတင်းသမားများကိုပါ ဖိနှိပ်ရန် ဥပဒေများပြင်ဆင်ပြဌာန်းလာခြင်း စသည့် နည်းအမျိုးမျိုးအသုံးပြုလုပ်ဆောင်ခဲ့သည်။


အာဏာသိမ်းပြီးနောက် တစ်လကျော်ကာလအတွင်း သတင်းသမားများနှင့် သတင်းမီဒီယာ လုပ်ငန်းများအပေါ် ဖိနှိပ်ချုပ်ခြယ်ကန့်သတ်ရန် ရည်ရွယ်ပြီး ပြင်ဆင်ပြဌာန်းလိုက်သည့် ဥပဒေများ အပြင် "မြန်မာနိုင်ငံ သတင်းမီဒီယာဥပဒေ" ပါ ပြဌာန်းချက်များကို မျက်ကွယ်ပြုကာ ပြင်းပြင်းထန်ထန် အရေးယူဖိနှိပ်နိုင်သည့် လိုသလိုအသုံးပြုထားသည့် ရာဇဝတ်ကြောင်းဆိုင်ရာ ဥပဒေပုဒ်မများဖြင့် သတင်းသမားများ အမှုဖွင့်အရေးယူခြင်းခံခဲ့ရပြီး လက်ရှိတွင် သတင်းသမား (၄၈) ဦးသည် အကျဉ်းထောင် (သို့မဟုတ်) အချုပ်များတွင် ချုပ်နှောင်ခံထားရဆဲဖြစ်သည်။

ဖမ်းဆီးခံရသည့် သတင်းသမားများထဲက အမှုဖွင့်အရေးယူခံရသည့် သတင်းသမားအများအပြားမှာ စစ်တပ်၏ စစ်ဆေးမေးမြန်းခြင်းခံရပြီး ထိုသို့မေးမြန်းစဉ် ညှဉ်းပန်းနှိပ်စက်ရိုက်နှက်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်းများကို ခံစားကြရပြီးမှသာ ရဲစခန်းများသို့ လွှဲပြောင်းပြီး တရားစီရင်ရေးဘက်သို့ ရောက်ရှိခဲ့ကြရခြင်းဖြစ်သည်။

စစ်တပ်က အာဏာသိမ်းကာလတလျှောက် သတင်းသမားများ၏ လုံခြုံရေးသာမက သတင်းသမားများ၏ မိသားစုလုံခြုံရေးကိုပါ နှောင့်ယှက်ခဲ့သည်။ ပစ်မှတ်ထား ဖမ်းဆီးလိုသည့် သတင်းထောက်များကို ဖမ်းဆီးမရပါက ၎င်း၏ မိသားစုဝင်များကို ဖမ်းဆီးမှုများကို ကျူးလွန်ခဲ့သည်။

ထို့ပြင် ယခင်က သတင်းလုပ်ငန်းလုပ်ကိုင်ခဲ့ဖူးသည့် သတင်းသမားဟောင်းများကိုပင် ဖမ်းဆီးခြင်းများ လုပ်ဆောင်လာသည့်အတွက် လက်ရှိတွင် သတင်းဌာနများတွင် လုပ်ကိုင်ခြင်းမရှိသော်လည်း အတိတ်တွင် သတင်းလုပ်ငန်း လုပ်ကိုင်ခဲ့ဖူးသူများ၏ လုံခြုံရေးကိုပါ ခြိမ်းခြောက်ခဲ့သည်အထိ ဆိုးရွားလာခဲ့သည်။

အာဏာသိမ်း ၁၁ လတာ ကာလအတွင်း သတင်းမီဒီယာသမား အမျိုးသား (၁၁၅) ဦးနှင့် အမျိုးသမီး (၂၆) ဦး၊ စုစုပေါင်း (၁၄၁) ဦး ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး ရာဇဝတ်ကြောင်းဆိုင်ရာပုဒ်မများဖြင့် တရားစွဲဆို အမိန့်ချမှတ်ခံရသည့် သတင်းမီဒီယာသမား အမျိုးသား (၉) ဦးနှင့် အမျိုးသမီး (၄) ဦး စုစုပေါင်း (၁၃) ဦး အမိန့်ချမှတ်ခံခဲ့ရသည်။ စစ်ကောင်စီက အကျဉ်းထောင်အသီးသီး၌ ဖမ်းဆီးထားသူများ ပြန်လည်လွှတ်ပေးခဲ့ရာမှာ ဇွန်လ (၂၀) ရက်တွင် နိုင်ငံအနှံ့မှ သတင်းမီဒီယာသမား (၁၄) ဦး နှင့်  အောက်တိုဘာလ (၁၈)၊ (၁၉) နှင့် (၂၀) ရက်တို့တွင်  လွတ်ငြိမ်းချမ်းသာခွင့်နှင့် အတူ သတင်းမီဒီယာသမား (၁၈) ဦး ပြန်လည်လွတ်မြောက်လာခဲ့သည့်အပြင် ခေတ္တခဏထိန်းသိမ်းခံရသူနှင့် ရက်အနည်းငယ်ထိန်း သိမ်းခံရပြီး ပြန်လည်လွတ်မြောက်လာသည့် သတင်းသမား (၆၁) ဦးထိရှိခဲ့ရာ လွတ်မြောက်လာသည့် သတင်းမီဒီယာသမား (၉၃) ဦးအထိရှိပြီဖြစ်သည်။ ဖမ်းဝရမ်းအထုတ်ခံထားရသူ သတင်းမီဒီယာသမား အမျိုးသား (၃၀) နှင့် အမျိုးသမီး (၃) ဦးရှိပြီး ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ အထူးတရားရုံးများတွင် သတင်းမီဒီယာသမား (၂၇) ဦး အမှုရင်ဆိုင်နေရဆဲဖြစ်သည်။




*ပုံညွှန်း - ပုံစံအမျိုးမျိုးဖြင့်မတရားအရေးယူခံရသည့်သတင်းသမားများဆိုင်ရာအချို့အချက်အလက်များ*

စစ်တပ်အာဏာသိမ်းယူထားစဉ်ကာလအတွင်း သတင်းလွတ်လပ်ခွင့် ဆုံးရှုံးခြင်းနှင့်အတူ သတင်းသမား ဘေးကင်းလုံခြုံရေး၊ မီဒီယာလုပ်ငန်းများ ရှင်သန်ရပ်တည်ရေး၊ သတင်းသမားတို့အတွက် တရားမျှတမှု၊ လွတ်လပ်ခွင့်များ၊ ရပိုင်ခွင့်များ ဆိုးဆိုးရွားရွားဆုံးရှုံးခဲ့ရသည့် ကာလပင်ဖြစ်ခဲ့သည်။

# အခန်း(၂) သတင်းမီဒီယာလုပ်ငန်းများ၊ သတင်းသမားများ၏ လွတ်လပ်ခွင့်နှင့် ရပိုင်ခွင့်များအပေါ် ဖိနှိပ်ကန့်သတ်ခြင်း

## ၂.၁။ သတင်းလွတ်လပ်ခွင့်အပေါ် စစ်ကောင်စီက ဖိနှိပ်ဟန့်တားခြင်း။

အာဏာသိမ်းပြီး နောက်တစ်ရက် ဖေဖော်ဝါရီလ (၂)ရက်မှာပင် သတင်းလွတ်လပ်ခွင့်ကို ဖိနှိပ်ဟန့်တား ခြိမ်းခြောက်သည့် အမိန့်ကြေညာချက်တစ်ခု စတင်ထုတ်ပြန်ခဲ့သည်။ ၎င်းမှာ အာဏာသိမ်း စစ်ကောင်စီ၏ ပြန်ကြားရေးဝန်ကြီးဌာနက အမိန့်အမှတ် (၁/၂၀၂၁) ဖြင့် "လူမှုကွန်ရက်ပေါ်တွင် ကောလာဟလများ သတင်းများထုတ်ပြန်ခြင်း၊ ဆူပူမှုဖြစ်ပေါ်စေရန် စည်းရုံးလှုံ့ဆော်ခြင်း၊ မငြိမ်မသက်ဖြစ်ပေါ်စေရန် ကြေညာချက်ထုတ်ပြန်ခြင်းများမပြုလုပ်ရန် နှင့် သတင်းမီဒီယာများအနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ အစိုးရနှင့် ပူးပေါင်းရန်" ထုတ်ပြန်ချက်ဖြင့် သတင်းလွတ်လပ်ခွင့်အပေါ် ကောလာဟလ၊ ဆူပူမငြိမ်သက်မှု သတင်းဖော်ပြမှုများအဖြစ် တံဆိပ်ကပ်ခဲ့ပြီး ကန့်သတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများဖြင့် စတင်ခဲ့သည်။

ထို့အပြင် စစ်ကောင်စီနှင့်ပတ်သက်သည့် ခေါ်ဝေါ်သုံးစွဲမှုနှင့်ပတ်သက်ပြီး စတင်ကန့်သတ်ဖိနှိပ် လာခဲ့ပြန်သည်။ သတင်းမီဒီယာများအနေဖြင့် "အာဏာသိမ်းအစိုးရ" ဟု အမည်နာမခေါ်ဝေါ်သုံးစွဲခြင်းမပြုရန် နှင့် သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ကြပ်မတ်ပေးရန် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ ဖေဖော်ဝါရီ (၁၁) ရက် နေ့စွဲဖြင့် စစ်ကောင်စီလက်အောက်ခံ ပြန်ကြားရေးဝန်ကြီးဌာနက ပေးပို့ခဲ့သည်။

"သတင်းသမားများနှင့် သတင်းမီဒီယာအဖွဲ့အစည်းများအနေဖြင့် သတင်းရေးသားထုတ်လွှင့် ဖော်ပြရာတွင် တည်ဆဲဥပဒေအညီဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သောကြောင့် သတင်းမီဒီယာဥပဒေ အခန်း(၄) ပုဒ်မ-၉(က)၊(ခ)နှင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ အခန်း(၄) ပုဒ်မ-၈(က)၊(ခ) ပါ အကြောင်းအရာများကို ဖော်ပြနေခြင်းကြောင့် အာဏာသိမ်းအစိုးရ ဟု မမှန်မကန်သုံးနှုန်းခြင်း၊ မီဒီယာကျင့်ဝတ်နှင့် မညီသည့် ဆောင်ရွက်မှုများကြောင့် သတင်းမီဒီယာသမားများနှင့် သတင်းမီဒီယာအဖွဲ့အစည်းများက သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ကြရန်ဆိုသည့် ကြေညာချက်ကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ ပေးပို့ခဲ့သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနက သတင်းဌာနများသို့လည်း အထက်ပါ အတိုင်း စစ်ကောင်စီနှင့် ပတ်သတ်သည့် ခေါ်ဝေါ်သုံးစွဲမှုအပေါ် ကန့်သတ်ခြင်းနှင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းမီဒီယာများအပေါ်ခြိမ်းခြောက်ဟန့်တား သတိပေးစာများ ပေးပို့ခဲ့ပြန်သည်။

အဆိုပါထုတ်ပြန်စာသည် အာဏာရယူပြီး ရက်ပိုင်းအတွင်းပင် သတင်းမီဒီယာများ၊ သတင်းသမားများ၏ သတင်းရယူပိုင်ခွင့်နှင့် သတင်းသမားအခွင့်အရေးများအပေါ် ပြောင်ပြောင်တင်းတင်း ချိုးဖောက်ရာရောက်ခဲ့ခြင်းပင်ဖြစ်သည်။ ထိုအချက်သည် တည်ဆဲဥပဒေဖြစ်သည့် မြန်မာနိုင်ငံသတင်းမီဒီယာဥပဒေပါ သတင်းမီဒီယာသမားများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို စတင်မျက်ကွယ်ပြုကာ တားမြစ်ဟန့်တားဖိနှိပ်ခြင်းပင်ဖြစ်သည်။

၄။ ယခုအခါ တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အရ နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာပြီး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းပြီး ဆောင်ရွက်နေမှုကို **အာဏာသိမ်းအစိုးရ** ဟု မမှန်မကန် ရေးသားသုံးနှုန်းခြင်းအပါအဝင် သတင်းမီဒီယာကျင့်ဝတ်နှင့် မညီညွတ်သည့် ဆောင်ရွက်မှုများ၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ အခန်း (၄)၊ ပုဒ်မ ၈ ၊ ပုဒ်မခွဲ(ခ)ပါ အကြောင်းအရာများ ဖော်ပြနေခြင်းတို့ကို အချို့သော သတင်းစာ၊ ဂျာနယ်၊ သတင်းမီဒီယာဝက်ဘ်ဆိုက်နှင့် အွန်လိုင်းမီဒီယာများတွင် တွေ့ရှိနေရပါသည်။

၅။ သို့ဖြစ်ရာ သတင်းမီဒီယာသမားများနှင့် သတင်းမီဒီယာအဖွဲ့အစည်းများအနေဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအား အာဏာသိမ်းအစိုးရဟု မမှန်မကန် သုံးနှုန်းခြင်းမျိုးအပါအဝင် လူထုဆူပူအုံကြွမှု ဖြစ်စေရန် သွေးထိုးလှုံ့ဆော်ပေးသည့် လုပ်ဆောင်မှုများ မပြုလုပ်ကြရန်နှင့် သတင်းများဖော်ပြရာတွင်လည်း သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ကြပါရန် အကြောင်းကြားပါသည်။

11/2/2021

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
( မြင့်ကျော် ၊ ဒုတိယအမြဲတမ်းအတွင်းဝန် )

*ပုံညွှန်း - စစ်ကောင်စီလက်အောက်ခံ ပြန်ကြားရေးဝန်ကြီးဌာန၏ အမိန့်အမှတ်(၁/၂၀၂၁)*

စစ်ကောင်စီ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း စက်တင်ဘာ ၂၈ ရက်က ပြုလုပ်ခဲ့သည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီ အစည်းအဝေးတွင် "နိုင်ငံတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပျက်ပြားနေမှုသည် ပြည်တွင်းပြည်ပ မီဒီယာများနှင့် အွန်လိုင်းမီဒီယာများကြောင့်ဖြစ်ပြီး ပြည်ထဲရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာနများ အနေဖြင့် မီဒီယာထိန်းချုပ်ရေး ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် သတင်းထောက်များ၏ အသက်အရွယ် စဉ်းစားသုံးသပ်ရန် လိုအပ်သည်" ဟု ပြောကြားခဲ့ကြောင်း သတင်းများထွက်ရှိလာပြီး အဆိုပါ အစည်းအဝေးလမ်းညွှန်ကြားချက်မှာ ပြည်နယ်နှင့်တိုင်းဒေသကြီး အားလုံးရှိ စစ်ကောင်စီ လက်အောက်ခံ ဌာနများထံ ဖြန့်ဝေခဲ့သည်။

ထိုညွှန်ကြားပြောဆိုမှုများသည် စစ်ကောင်စီမှ သတင်းမီဒီယာထိန်းချုပ်ရေးကို လက်ရှိအခြေအနေထက် ပိုမိုတင်းကြပ်စွာဆောင်ရွက်လာနိုင်သည့် အခြေအနေတစ်ရပ်ဖြစ်လာခဲ့သည်။ ထိုပြောကြားမှုနှင့်အတူ သတင်း မီဒီယာသမားများကို ထပ်မံဖိနှိပ်ရန်ရည်ရွယ်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ် လွှင့်မှုဆိုင်ရာဥပဒေ ပြင်ဆင်ချက်ကို ပြဋ္ဌာန်းလာခဲ့သည်။

ဟိုတယ်နှင့် တည်းခိုခန်း လုပ်ငန်းရှင်များသို့ နိုဝင်ဘာ (၂၂)ရက် နေ့စွဲဖြင့် မတ်လ (၈)ရက်နေ့က ထုတ်ဝေခွင့်လိုင်စင် ပိတ်သိမ်းခြင်းခံထားရသည့် DVB, Myanmar Now, Mizzima၊ 7 days နှင့် Khit Thit Media သတင်းဌာနများမှသတင်းများကို ဖမ်းယူကြည့်ရှုနိုင်စေရန် ဝန်ဆောင်မှုပေးနေသည့်အပေါ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက စာထုတ်ပြန်ခဲ့သည်။

## ၂.၂။ သတင်းဌာနများ၏ ထုတ်ဝေခွင့်များ ပိတ်သိမ်းပြီး ပုဂ္ဂလိက သတင်းမီဒီယာများအား ဖိနှိပ်ခြင်း။

### *၂.၂။ (က) ရုပ်သံထုတ်လွှင့်ခွင့်လိုင်စင်ရ ပုဂ္ဂလိက သတင်းဌာန(၂)ခု၏ Free to Air Channel များ ဖြတ်တောက်ခံရခြင်း။*


၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဆိုင်ရာ သဘောတူညီခွင့်ရထားသည့် ပုဂ္ဂလိက သတင်းဌာနများဖြစ်သည့် Mizzima(မဇ္ဈိမ)သတင်းဌာနနှင့် DVB သတင်းဌာနတို့၏ ရုပ်မြင်သံကြားထုတ်လွှင့်ခွင့် (Free to Air channel) များကို ဖေဖော်ဝါရီ(၁)ရက်နေ့ အာဏာသိမ်းသည့်နေ့မှာပင် စစ်ကောင်စီမှ စတင်ဖြတ်တောက်ပိတ်ပင်လိုက်သည်။ သတင်းအမှောင်ချမှုကို လူထုအပေါ်လွှမ်းမိုးနိုင်ပြီး ပျံ့နှံ့မှုများသည့် ပုဂ္ဂလိကသတင်းဌာန၏ ရုပ်သံထုတ်လွှင့်မှုများကို ပြောင်ပြောင် တင်းတင်းပင် အာဏာအသုံးပြု ဖိနှိပ်မှုကို စတင်ခဲ့သည်။ ထိုသို့ ထုတ်လွှင့်မှုများ ပိတ်လိုက်ခြင်းသည် စာချုပ်ပါ အခွင့်အရေးများကို ချိုးဖောက်ခံရခြင်းဖြစ်သည်ဟု ရုပ်သံထုတ်လွှင့်ခွင့်ပိတ်သိမ်းခံလိုက်ရသည့် မဇ္ဈိမသတင်း ဌာနမှ တာဝန်ရှိသူက သတင်းမီဒီယာများသို့ ပြောကြားခဲ့သည်။

### *၂.၂။ (ခ) ပုဂ္ဂလိက သတင်းဌာနများ၏ ထုတ်ဝေခွင့်များ ပိတ်သိမ်းခြင်း။*

အာဏာသိမ်းပြီး တလကျော်အကြာ မတ်လ (၈)ရက်မှ စတင်ကာ အများပြည်သူအပေါ် သတင်းပျံ့နှံ့ သက်ရောက်မှုမြင့်မားသည့် DVB, Myanmar Now, Mizzima၊ 7 days နှင့် Khit Thit Media တို့ကို စစ် ကောင်စီ၏ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေခွင့် ပိတ်သိမ်းကြောင်း ကြေညာခဲ့ခြင်းပင်ဖြစ်သည်။ အဆိုပါ ကြေညာချက်မှာ အောက်ပါသတင်းဌာန အသီးသီးမှ ထုတ်ဝေခြင်းလုပ်ငန်း အသီးသီးကို မတ်လ(၈)ရက်မှ စတင်ကာ ပိတ်သိမ်းလိုက်သည်ဟု ထုတ်ပြန်ခဲ့ပြီး သတင်းဌာနများအပေါ်ကို စတင်ဖိနှိပ်ဟန့်တားခဲ့ပြန်သည်။

အဆိုပါ သတင်းဌာန(၅)ခုအား ထုတ်ဝေခွင့်ရုပ်ဆိုင်းလိုက်ခြင်းသည် မည့်သည့်ဥပဒေ ချိုးဖောက်သည့် အတွက်ဟု ဖော်ပြခြင်းမရှိဘဲ အာဏာကို လိုသလိုအသုံးပြုကာ ဖိနှိပ်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ကြေညာချက် တွင် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသား ထုတ်ဝေခြင်းမပြုရန် ဆိုသည့်အချက်ကိုပါ ထည့်သွင်းထုတ်ပြန်ခဲ့သည်။

သတင်းမီဒီယာ (၅)ခုအား စတင် ထုတ်ဝေခွင့်ပိတ်သိမ်းသည့်နေ့မှပင် ပိတ်သိမ်းခံရသည့် Myanmar Now သတင်းဌာနသို့လည်းကောင်း၊ နောက်တစ်ရက်မတ်လ (၉)ရက်တွင် Mizzima(မဇ္ဈိမ) သတင်းဌာနနှင့် ကမာရွတ်သတင်းဌာနများသို့လည်းကောင်း အင်အားသုံးကာ ရှာဖွေဖမ်းဆီးခြင်း၊ ပစ္စည်းများ သိမ်းဆည်းခြင်း များပြုလုပ်ခဲ့သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြန်ကြားရေးဝန်ကြီးဌာန
အမိန့်အမှတ် (၁/၂၀၂၁)
၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက်

ထုတ်ဝေခြင်းလုပ်ငန်း ပိတ်သိမ်းခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ နှင့် ၄၂၀ တို့အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား အခွင့်အာဏာကို လွှဲအပ်ကျင့်သုံးခွင့် အပ်နှင်းခဲ့ပါသည်။

၂။ သို့ပါ၍ ပြန်ကြားရေးဝန်ကြီးဌာနသည် ယခင်က ထုတ်ဝေခွင့်ပြုပေးခဲ့သော အောက်ပါသတင်းဌာနများ၏ ထုတ်ဝေခြင်းလုပ်ငန်းအသီးသီးကို ယနေ့ (၈-၃-၂၀၂၁) ရက်နေ့မှစ၍ ပိတ်သိမ်းလိုက်ပါသည်။ ယင်းသတင်းဌာနများသည် မီဒီယာအမျိုးအစား တစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာ တစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်း မပြုရန် ကြေညာအပ်ပါသည်-

(က) မဇ္ဈိမ
(ခ) DVB
(ဂ) ခေတ်သစ်မီဒီယာ
(ဃ) Myanmar Now
(င) 7 Day

ချစ်နိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြန်ကြားရေးဝန်ကြီးဌာန

စာအမှတ်၊ ၂ - ၆ (၇) / ၂၀၂၁
ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မတ် လ ၈ ရက်
မြန့်ဝေခြင်း
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

*ပုံညွှန်း -*

*စစ်ကောင်စီလက်အောက်ခံ ပြန်ကြားရေးဝန်ကြီးဌာန၏ ပုဂ္ဂလိက သတင်းဌာနများအား ထုတ်ဝေခွင့် ပိတ်သိမ်းကြောင်း အကြောင်းကြားစာ။*

ထို့ပြင် ဒေသတွင်းမီဒီယာများကို ထုတ်ဝေခွင့်ပိတ်သိမ်းရာတွင်မူ "ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ ပုဒ်မ-၈ ပါ စည်းကမ်းများကို ဖောက်ဖျက်ခဲ့သည့်အတွက် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူ အေးချမ်းသာယာရေးစေသည့် အကြောင်းအရာများ၊ ပြစ်မှုကျူးလွန်သူများကို အားပေးကူညီရာ ရောက်သည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ခဲ့သည့်အတွက်" ဟု ဆိုကာ ဒေသအခြေစိုက် မီဒီယာ များဖြစ်သည့် တာချီလိတ်သတင်းအေဂျင်စီကို ဧပြီလ(၂၀)ရက်၊ မြစ်ကြီးနားသတင်းဂျာနယ်နှင့် The 74 media ကို ဧပြီလ(၂၉)ရက်နှင့် Delta News Agency ကို အောက်တိုဘာ(၄) ရက်တွင်လည်းကောင်း အသီးသီး ဆက်လက်ပိတ်သိမ်းအရေးယူခဲ့ပြန်သည်။ ထိုသို့ ထုတ်ဝေခွင့်ရုပ်ဆိုင်းကြောင်း ထုတ်ပြန်ချက်တွင် မီဒီယာ အမျိုးအစား တစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်ဝေခြင်း မပြုရန်ဆိုပြီး အဆိုပါ သတင်းမီဒီယာများ လုံးဝ ရုပ်ဆိုင်းပိတ်သိမ်းသွားရန် ရည်ရွယ်သည့်အချက်ကိုပါ ထည့်သွင်း ထုတ်ပြန်ခဲ့သည်။

စစ်တပ်အာဏာသိမ်းယူထားသည့် ကာလအတွင်း သတင်းဌာန(၉)ခု ထုတ်ဝေခွင့်ရုပ်ဆိုင်းခံခဲ့ရခြင်း ဖြစ်သည်။

*ပုံညွှန်း - စစ်တပ်အာဏာသိမ်းကာလအတွင်း ထုတ်ဝေခွင့်ရုပ်ဆိုင်းခံခဲ့ရသည့် သတင်းဌာန(၉)ခု*

## ၂.၃။ သတင်းလွတ်လပ်ခွင့်ကို ဟန့်တားရန် သတင်းဌာနကို ပစ်မှတ်တရားစွဲဆို ဖိနှိပ်ခြင်း။

မတ်လ(၁၀)ရက်နေ့တွင် ဧရာဝတီသတင်းဌာနကို ပုဒ်မ - ၅၀၅-က ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရားလိုပြုတရားစွဲဆိုခဲ့သည်။ ဧရာဝတီသတင်းဌာနတွင် ဖေဖော်ဝါရီလ(၂၈)ရက်က ထုတ်လွှင့်ခဲ့သည့် ရုပ်သံသတင်းဖြစ်သော “ဖမ်းထားသော ဆရာဝန် ၇၀ အား ငွေသိန်း ၁၃၀ နှင့် လာရွေးခိုင်းနေ” ဟူသော သတင်းကို ဖော်ပြခဲ့ခြင်းကြောင့် သတင်းဌာနကို တရားစွဲဆိုခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။[1]

## ၂.၄။ သတင်းသမားများနှင့် သတင်းဌာန စီးနင်းရှာဖွေ ဖိနှိပ်ခြင်း။

မတ်လ(၈)ရက်၌ သတင်းမီဒီယာလုပ်ငန်း(၅) ခု ထုတ်ဝေခွင့်ရုပ်ဆိုင်းကြောင်း မကြေညာမီ မွန်းလွဲပိုင်းတွင် Myanmar Now ရုံးကို စစ်တပ်အင်အားသုံးကာ ရှာဖွေမှုများ ပြုလုပ်ခဲ့ပြီး စာရွက်စာတမ်းများ ယူဆောင်သွားခဲ့သည်။ Myanmar Now ရုံးမှာ အစောပိုင်းရက်များကပင် ရုံးပိတ်ထားသည့်အတွက် သတင်းလုပ်ငန်းလုပ်ကိုင်သူ မည်သူမျှဖမ်းဆီးခံရမှု မရှိခဲ့ပေ။

[1] *ဖေဖော်ဝါရီလ (၂၈)ရက်က ဧရာဝတီသတင်းဌာန အွန်လိုင်းသတင်းဖော်ပြမှုမှ ကောက်နုတ်ထားခြင်းဖြစ်သည်။*

ထို့နောက် မဇ္ဈိမ သတင်းဌာနနှင့် ကမာရွတ်မီဒီယာ သတင်းဌာနတို့ကို မတ်လ(၉)ရက်တွင် စစ်တပ်နှင့်ရဲများက ဝင်ရောက်စီးနင်းရှာဖွေခဲ့သည်။ ထိုသို့စီးနင်းရှာဖွေရာတွင် မဇ္ဈိမ သတင်းဌာနရုံးနှင့် ကမာရွတ်မီဒီယာ ရုံးခန်းအသီးသီးရှိ သတင်းလုပ်ငန်းသုံးစက်ပစ္စည်းများနှင့် ရုံးသုံးပစ္စည်းများကို ဖျက်ဆီးခဲ့ပြီး ကမာရွတ်မီဒီယာမှ အမေရိကန်နိုင်ငံသားဖြစ်သူ အယ်ဒီတာချုပ် ကိုနေသန်မောင်နှင့် ပူးတွဲတည်ထောင်သူ ကိုဟံသာညိမ်းတို့ကို ၎င်းတို့၏ ရုံးခန်းမှာပင် ဖမ်းဆီးခံခဲ့ရသည်။

ထိုနေ့မှာပင် ချင်းပြည်နယ်အခြေစိုက် ဟားခါးမြို့ရှိ ဟားခါးပို့စ်သတင်းဌာနရုံးကိုလည်း ရှာဖွေသိမ်းဆည်းမှုများ ပြုလုပ်ခဲ့သည်။

ထို မတ်လ (၉)ရက်နေ့မှာပင် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့အခြေစိုက်ဒေသတွင်း မီဒီယာဖြစ်သည့် တာချီလိတ်နယူးအေဂျင်စီမှ အယ်ဒီတာချုပ်နှင့် သတင်းထောက်များ စတင်ပုန်းရှောင်နေရပြီး သတင်းဌာနတည်ရှိရာရုံးနှင့် အယ်ဒီတာချုပ်နှင့် သတင်းသမားများ နေထိုင်ရာအိမ်များကို ဝင်ရောက်ရှာဖွေဖမ်းဆီးခြင်းများလုပ်ခြင်း စတင်ခဲ့သည်။

ဧပြီလ (၂၁) ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း အခြေစိုက် မုံရွာဂေဇက် (The Monywa Gazette) သတင်းဌာနကို အာဏာသိမ်း စစ်ကောင်စီတပ်ဖွဲ့ကဝင်ရောက် စီးနင်းရှာဖွေခဲ့ပြီး သတင်းဌာန၏ အမှုဆောင်အရာရှိချုပ် (CEO)၏ နေအိမ်သို့လည်းဝင်ရောက်ရှာဖွေမှုခံခဲ့ရသည်။ အဆိုပါ မုံရွာဂေဇက်သတင်းဌာနမှ ဂျာနယ်ထုတ်ဝေမှုကို ဖေဖော်ဝါရီလကုန်မှရပ်နားခဲ့ပြီး အွန်လိုင်းသတင်း တင်ဆက်မှုများကို ဧပြီ (၂၁) ရက်မှစ၍ ရပ်နားလိုက်ခြင်းဖြစ်သည်။

ပြည်မြို့အခြေစိုက် မြေလတ်အသံသတင်းဌာနသို့လည်း မတ်လ(၅)ရက်နေ့တွင် တကြိမ်၊ ဩဂုတ်လ (၂၆) ရက်နေ့တွင် တကြိမ်ဝင်ရောက်စီးနင်း ရှာဖွေမှုများ ပြုလုပ်ခဲ့သည်။

မေလ(၅)ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့တွင် အခြေစိုက်သော ရွှေဖီမြေသတင်းဌာနကို ဝင်ရောက်ရှာဖွေခဲ့သည်။

ဇွန်လ (၂၅)ရက် မွန်ပြည်နယ်မော်လမြိုင်မြို့အခြေစိုက် သံလွင်တိုင်းမ်သတင်းဌာနရုံးသို့ ညသန်းခေါင်ချိန်တွင် စစ်တပ်နှင့်ရဲအင်အားအလုံးအရင်းနှင့် ရှာဖွေခြင်း၊ ရုံးအဖြစ်ငှားရမ်းထားသည့် အိမ်ရှင်အား ခေါ်ယူစစ်ဆေးခဲ့သည်။

ပုသိမ်မြို့အခြေစိုက် ဧရာဝတီတိုင်းမ်သတင်းဌာနသို့ ရုံးရှိရာနေရာအားစုံစမ်းခြင်း၊ ရုံးခန်း ငှားရမ်းထားသည့်အိမ်ရှင်အား ဖိအားပေးခြင်းနှင့် စောင့်ကြည့်ခြင်းများရှိခဲ့သည်။ အယ်ဒီတာချုပ်နှင့် တာဝန်ခံအယ်ဒီတာတို့အား အမှုဖွင့်အရေးယူကာ ဖမ်းဆီးရန်ကြိုးပမ်းလာခြင်းကြောင့် ရုံးအား ပိတ်သိမ်းကာ တိမ်းရှောင်ခဲ့ကြရသည်။

ရန်ကုန်မြို့အခြေစိုက် ဧရာဝတီသတင်းဌာနရုံးရှိရာသို့လည်း အောက်တိုဘာလ (၁၄) ရက်နှင့် (၁၅) ရက်တို့တွင် စစ်ကောင်စီမှ နှစ်ကြိမ်တိုင်ရှာဖွေခဲ့သည်။

နိုဝင်ဘာလ (၁၉) ရက်နေ့က ရခိုင်ပြည်နယ် အခြေစိုက် Western News သတင်းဌာနရုံးအား စစ်ကောင်စီမှ စုံစမ်းရှာဖွေမှုများ လုပ်ဆောင်ခဲ့ကြောင်း အဆိုပါသတင်းဌာနက ထုတ်ပြန်ခဲ့သည်။

သတင်းထောက်များ ဖမ်းဆီးခံရမှု မြင့်မားလာသည့်အလျောက် ဒေသတွင်းမီဒီယာများနှင့် ပင်မမီဒီယာများအားလုံးနီးပါး စောင့်ကြည့်ခံရခြင်း၊ ရှာဖွေသိမ်းဆည်းခံရခြင်း၊ မေးမြန်းစုံစမ်းခံရခြင်း၊ သတင်းဌာနရုံးခန်း

များ ငှားရမ်းအသုံးပြုသည့်အတွက် အိမ်ရှင်များအား ဖိအားပေးခြင်းများ ရှိလာခြင်းကြောင့် သတင်းဌာနရုံးများ ပိတ်သိမ်းကာ သတင်းသမားများ အားလုံးနီးပါးဘေးကင်းရာသို့ တိမ်းရှောင်နေရခြင်းနှင့် သတင်းအလုပ် ဆက်လက်လုပ်ကိုင်ခြင်းမရှိဘဲ အနားယူလိုက်ကြရသည့် ဖြစ်စဉ်များလည်းရှိသည်။[2]

## ၂.၅။ သတင်းသမားများ အကြမ်းဖက်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်းနှင့် ထွက်ပြေးတိမ်းရှောင်နေရခြင်း။

*၂.၅။ (က)　　　သတင်းရယူနေသည့် သတင်းသမားများ အကြမ်းဖက်ခံရခြင်းနှင့် ဖမ်းဆီးခံရခြင်း။*

အာဏာသိမ်းပြီး ရက်သတ္တပတ်အကျော် ဖေဖော်ဝါရီ (၉)ရက် လူထုဆန္ဒထုတ်ဖော်ပွဲများတွင် သတင်း ရယူနေသည့် မန္တလေးမြို့ DVB သတင်းဌာနမှ အမျိုးသားသတင်းသမားတစ်ဦး စတင်ဖမ်းဆီးခံခဲ့ရသည်။ ထို့နောက် ဖေဖော်ဝါရီ (၁၁) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အမျိုးသမီး သတင်းထောက် တဦး ဖမ်းဆီးခံခဲ့ရသည်။ ဖေဖော်ဝါရီ (၁၄) ရက်တွင် မြစ်ကြီးနားမြို့ရှိ သတင်းသမား (၅) ဦး အစုလိုက် ဖမ်းဆီး ခံခဲ့ရပြန်သည်။ ထိုရက်များမှ တစ တစ သတင်းသမားများ ဖမ်းဆီးခြင်းများ နိုင်ငံအနှံ့ပြုလုပ်လာပြီး ဖမ်းဆီး ခံရစဉ် အကြမ်းဖက်ခံရခြင်းနှင့် တချို့သတင်းသမားများမှာ သတင်းမီဒီယာဟု သိသာထင်ရှားစေသည့် အမှတ် အသား ဦးထုပ်ဝတ်ဆင်ထားခြင်းနှင့် သတင်းထောက်ကဒ်လည်ဆွဲများ ချိတ်ဆွဲထားသော်လည်း အကြမ်းဖက် ရိုက်နှက်ခံရခြင်း၊ ပစ်ခတ်ခံရခြင်း နှင့် ဖမ်းဆီးခံခဲ့ကြရသည်။

သတင်းသမားများ အကြမ်းဖက်ခံရမှုနှင့်ပတ်သက်ပြီး ဖေဖော်ဝါရီလ(၂၇)ရက်နေ့တွင် မုံရွာမြို့ အခြေ စိုက် မုံရွာဂေဇက်သတင်းဌာနမှ အမှုဆောင်အရာရှိချုပ်မှာ လူထုဆန္ဒပြပွဲတွင် သတင်းယူစဉ် အရပ်ဝတ်များ ဝတ်ဆင်ထားသည်ဟု ယူဆရသည့် လုံခြုံရေးအဖွဲ့များ၏ အကြမ်းဖက်ရိုက်နှက် ဖမ်းဆီးခံခဲ့ရသည်။



*ပုံညွှန်း - ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် မြေလတ်အသံသတင်းဌာန သတင်းထောက် ကိုဇေယျာမြင့် သတင်းရယူနေချိန်တွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ရာဘာကျည်မှန်ခဲ့ရစဉ်(ဝဲ) နှင့် ဆေးရုံဆေးခန်းတွင် ဆေးကုသမှုခံယူနေရစဉ်(ယာ)။*



[2] *သတင်းဌာန (၁၇) ခုနှင့် သတင်းသမား (၈၀) တို့အား စစ်တမ်းကောက်ယူရရှိမှုမှ ကိုးကားခြင်းနှင့် သတင်းဌာနများမှ သတင်းများပေါ် အခြေခံကိုးကားထားသည့်အချက်များ ဖော်ပြထားခြင်းဖြစ်သည်။*

ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် မြေလတ်အသံသတင်းဌာနမှ သတင်းထောက် ကိုဇေယျာမြင့်သည်လည်း သတင်းမီဒီယာဟု သိသာထင်ရှားစေသည့် Press စာတမ်းပါ ဦးထုပ်ဆောင်းထားသော်လည်း လုံခြုံရေးအဖွဲ့၏ ပစ်ခတ်မှုကြောင့် ရာဘာကျည်ထိမှန်ခဲ့ရသည်။

အဆိုပါနေ့မှာပင် ကချင်ပြည်နယ်အခြေစိုက် မြစ်ကြီးနားမြို့ရှိ မြစ်ကြီးနားဂျာနယ်မှ သတင်းထောက် ခရစ္စတိုဖာသည်လည်း လုံခြုံရေးအဖွဲ့များ၏ ရိုက်နှက်ခံခဲ့ရသကဲ့သို့ တခြားသတင်းသမားများသည်လည်း ကုန်းသီးထိမှန်ခံခဲ့ရသည့် သတင်းသမားတချို့ရှိပြီး ဖမ်းဆီးမခံရသော်လည်း ဒဏ်ရာရရှိခဲ့ကြသည်။

မတ်လ (၁) ရက် နေ့ညတွင် မြိတ်အခြေစိုက် DVB သတင်းထောက်ကိုအောင်ကျော် နေအိမ်တွင်ရှိနေစဉ် ခဲများဖြင့် ပစ်ပေါက်ခြင်းနှင့် သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခံခဲ့ရသည်။ ထိုသို့ အကြမ်းဖက် ဖမ်းဆီးခံရစဉ် ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့ပြီး အဆိုပါ အကြမ်းဖက်ဖမ်းဆီးခံခဲ့ရခြင်းကိုလည်း သတင်းထောက်မှ DVB ဖေ့စ်ဘွတ်စာမျက်နှာမှ တဆင့် တိုက်ရိုက်ရုပ်သံထုတ်လွှင့်ခဲ့သည်။

> *သတင်းထောက်ကိုအောင်ကျော်အား နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ - ၅၀၅-က ဖြင့် အရေးယူခဲ့ပြီး ထောင်ဒဏ်(၃) နှစ်ချမှတ်ခံခဲ့ရသည်။ အကျဉ်းကျခံ နေရစဉ်ကာလအတွင်း (၈)လတိုင် မိသားစုနှင့်တွေ့ခွင့်မရခြင်းနှင့် ထောင်တွင်းအခွင့်အရေးများ ချိုးဖောက်ခံရခြင်းများလည်း ရှိခဲ့သည်။ မြိတ်မြို့အခြေစိုက် သတင်းထောက် ကိုအောင်ကျော်မှ ၎င်းဖမ်းဆီးခံရစဉ် ခေါ်သွားသည့် လမ်းတလျှောက် အကြမ်းဖက်နှိပ်စက်ခံရခြင်း၊ ခေါ်ဆောင်သွားသည့် လေတပ်ထဲသို့ ရောက်ရှိချိန် အချိန်အတော်ကြာ အကြမ်းဖက်နှိပ်စက်ခံရခြင်း၊ ဖိနပ်နှင့် မျက်နှာအားကန်ခြင်း၊ ဆေးလိပ်မီးနှင့် မျက်နှာ၊ လက်ခုံတို့အား ထိုးပြီး နှိပ်စက်ခြင်း၊ ဦးခေါင်းအား ကြွတ်ကြွတ်အိတ်စွပ် အသက်မရှုနိုင်စေရန် ပြုလုပ်ခြင်း၊ ထိုသို့ အကြမ်းဖက်နှိပ်စက်စဉ် စစ်သားနှစ်ဦးမှ ချုပ်နှောင်ပေးထားခြင်း၊ လက်သည်းများအား ပလပ်ယာဖြင့် ခွာခြင်း စသည့် ညှင်းပန်းနှိပ်စက်မှုများကြောင့် မျက်လုံးတစ်ဖက်လုံး၀ မဖွင့်နိုင်ဘဲ ပိတ်သွားခြင်း၊ နှာခေါင်းရိုးကျိုးသွားပြီး သွေးများယိုစီးခြင်း၊ ဦးခေါင်းအား ကန်ကြောက်ခံရခြင်းနှင့် နံပါတ်တုတ်ဖြင့် ရိုက်နှက်ခံရခြင်းကြောင့် ဦးခေါင်းတွင် ဒဏ်ရာအများအပြားရရှိခဲ့သည့် အရှိန်ဖြင့် မေ့မလို ဖြစ်နေစဉ် စစ်ဝတ်စုံဝတ်ထားသူမှ ဦးခေါင်းအား ပြင်းထန်စွာကန်ခဲ့သည့်အတွက် ခါးမမတ်နိုင်တော့ဘဲ ခွေလဲကျသည့်အထိ ညှင်းပန်းနှိပ်စက်ခံခဲ့ရသည်။ ထိုအကြမ်းဖက် ညှင်းပန်းနှိပ်စက်ဒဏ်ရာများကြောင့် ကိုအောင်ကျော်သည် လွတ်မြောက်လာချိန်ထိပင် ကျန်းမာရေးထိခိုက်နေဆဲပင် ဖြစ်သည်။*

သတင်းသမားတချို့ ဖမ်းဆီးခံရစဉ်၊ စစ်ဆေးမေးမြန်းစဉ်နှင့် အကျဉ်းထောင်များတွင် အကြမ်းဖက်ညှင်းပန်းနှိပ်စက်ခံရမှုများကို ကြုံတွေ့ခဲ့ကြရပြီး စစ်ကောင်စီနှင့် ရဲတပ်ဖွဲ့မှ ရှာဖွေဖမ်းဆီးမှုများ ပြုလုပ်

သော်လည်း ဖမ်းဆီးမခံရဘဲ ထွက်ပြေးတိမ်းရှောင်နေရသည့် သတင်းသမားများသည်လည်း ၎င်းတို့ကို ရှာမတွေ့သည့် အတွက် မိသားစုများကို ဖမ်းဆီးရန် လုပ်ဆောင်ခဲ့မှုများ ကြုံတွေ့ခဲ့ကြရသည်ဟု ဆိုသည်။

သံလွင်တိုင်းမ်သတင်းဌာနတည်ထောင်သူများနှင့် ပါဝင်လုပ်ကိုင်သည့် သတင်းသမားများကို ရဲတပ်ဖွဲ့က ဖမ်းဆီးရှာဖွေခြင်းများအပြင် ၎င်းတို့၏ မိသားစုဝင်များကိုပါ ဖမ်းဆီးအရေးယူရန် လုပ်ဆောင်ခဲ့ခြင်းကြောင့် မိသားစုလိုက် လွတ်မြောက်နယ်မြေသို့ တိမ်းရှောင်ခဲ့ကြရသည်များရှိခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ သတင်းထောက်တစ်ဦးကိုလည်း စက်တင်ဘာ (၁၄)ရက် ညသန်းခေါင်တွင် ရဲနှင့်စစ်သားအင်အား ဆယ်ဂဏန်းခန့်ဖြင့် နေအိမ်ကိုဝိုင်းကာ သတင်းသမားအမည်ခေါ်ပြီး အိမ်ပေါ်က ဆွဲချခြင်း၊ ပြေးလျှင် ပစ်သတ်မည်ဟု ခြိမ်းခြောက်ခြင်း၊ ကတ္တရာလမ်းမပေါ်တွင် ထိုင်ခိုင်းပြီး လက်ထိပ်ခတ်ခြင်း၊ ၎င်း၏ ဇနီးဖြစ်သူ၏ ရင်ဝကို သေနတ်ဖြင့်ထောက်ကာ ဆဲဆိုကြိမ်း မောင်းပြီး သတင်းလုပ်ငန်းသုံးကွန်ပျူတာအား ထုတ်ပေးရန် စေခိုင်းခြင်း၊ ရဲစခန်းသို့ခေါ်သွားစဉ် လမ်းတလျှောက် ရိုက်နှက်ဆဲဆိုခြင်းနှင့် စခန်းရောက်ရှိစဉ်တလျှောက်လုံးမှ မနက် (၅) နာရီဝန်းကျင်အထိ ရင်ဝကို လက်သီးဖြင့် ထိုးခြင်း၊ ရိုက်နှက်ခြင်းနှင့် ခါးပတ်ဖြင့် ကျောအား ရိုက်နှက်ခြင်းများ အကြမ်းဖက်ခံ နှိပ်စက်ခံခဲ့ရသည်။

မတ်လ(၃)ရက်က ပြည်မြို့တွင် အာဏာသိမ်းမှုအားဆန့်ကျင်သည့် ဆန္ဒပြပွဲအား သတင်းရိုက် ကူးရေးလုပ်နေသည့် သတင်းထောက်တစ်ဦးကို ရဲနှင့် စစ်သားများက “ဒီကောင်ကို အသေသတ်” ဟူသည့် ညာသံပေးပြောဆိုကာ တုတ်နှင့်ရိုက်ခြင်း၊ ဖိနပ်များဖြင့် ဝိုင်းကန်ခြင်းစသည့် အကြမ်းဖက်နှိပ်စက်ဖမ်းဆီးခြင်းကိုခံရခြင်းကြောင့် ဦးခေါင်းကွဲဒဏ်ရာဖြင့် ဖမ်းဆီးခံလိုက်ရခြင်းဖြစ်သည်။ ဖမ်းဆီးခံရပြီး စစ်ဆေးရေးစခန်းတွင် နှစ်ရက်ဆက်တိုက် (ထမင်းမကျွေး၊ ရေမတိုက်ခြင်းမရှိဘဲ) ရိုက်နှက်ခြင်း ခံခဲ့ရသည့်အတွက် ကျော၊ တင်ပါးနှင့် ခြေထောက်များတွင် ညိုမဲဒဏ်ရာများ နေရာလွတ်မကျန်စေရန် ထပ်တလဲလဲ ရိုက်နှက်နှိပ်စက်ခံခဲ့ရသည်ဟု ဆိုသည်။

ကမာရွတ်မီဒီယာအယ်ဒီတာချုပ် ကိုနေသန်မောင်နှင့် ပူးတွဲတည်ထောင်သူ ကိုဟံသာညိမ်းတို့ကို မတ်လ(၉)ရက်နေ့က ၎င်းတို့ သတင်းဌာနတည်ရှိရာရုံးခန်းတွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ အဆိုပါရုံးခန်းအတွင်း ဖမ်းဆီးစဉ် ၎င်းတို့နှစ်ဦးအား ခေါင်းငုံ့ထိုင်ခိုင်းထားပြီးနောက် မျက်နှာကို အဝတ်စည်းကာ စစ်ကြောရေးစခန်းသို့ ခေါ်ဆောင်ခြင်းခံရခြင်း၊ စစ်ကြောရေးစခန်းသို့ရောက်ရှိစဉ်မှာမျက်နှာကို အဝတ်ဖြင့် စီးထားဆဲဖြစ်ပြီး အခန်းတခုအတွင်းကို တရွတ်တိုက်ဆွဲခေါ်ခြင်းခံရခြင်း၊ ကိုဟံသာညိမ်းအား လက်ထိပ်နောက်ပြန် ခတ်ထားပြီး ဒူးထောက်ထိုင်ခိုင်းကာ အော်ဟစ်ဆဲဆိုခြင်း၊ ကန်ခြင်း၊ ရိုက်နှက်ခြင်းများကို ပြုလုပ်ခံနေရကြောင်း ဇွန်လ (၁၄) ရက်နေ့တွင် ၎င်းမှာ ပြည်နှင်ဒဏ်နှင့် လွတ်မြောက်လာပြီး အမေရိကန်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း ခံခဲ့ရသည်။

ကိုနေသန်မောင်မှာ စစ်မေးစဉ်တလျှောက် မျက်နှာအဝတ်စည်းလျှက်နှင့်ပင် သုံးရက်ဆက် မအိပ်မနေ စစ်ဆေးခြင်းခံခဲ့ရခြင်း၊ မေးတိုင်း ဖြေတိုင်း ရိုက်နှက်ခံရခြင်း၊ နားစည်ထိစေရန် ရိုက်နှက်ခြင်း၊ ပါးစောင်ကို လက်သီးဖြင့်ထိုးခြင်း၊ ပတ်ပို့စ်တွေ့ပြီးနောက် အမေရိကန်နိုင်ငံသားဖြစ်ကြောင်း မပြောသည့်အတွက် လက်သီးဖြင့်ထိုးခြင်း၊ ပတ်စ်ပို့နံပါတ်မမှတ်မိခြင်းကြောင့် အထိုးခံရခြင်း၊ (၃)ရက်ကျော် (၄)ရက် ဝန်းကျင်အထိ အကြမ်းဖက် နှိပ်စက်ခံရပြီးနောက်မှသာ ရိုက်နှက်ခြင်းကို ရပ်သွားခဲ့သည်ဟု ကိုနေသန်မောင်က မီဒီယာတွင် ပြောကြားထားသည်။

ထိုသို့စစ်ဆေးခံနေရစဉ် ရေသောက်ခွင့်မရခဲ့ကြောင်း၊ စစ်ဆေးပြီး (၃) ရက်မြောက်နေ့မှသာ ရေစတိုက်ပြီး (၄) ရက်မြောက်နေ့မှသာ ထမင်း စတင်စားခွင့်ရခဲ့သည်ဟု ဆိုသည်။ ၄င်းတို့ (၂) ဦးမှာ စစ်ကြောရေးတွင် (၁၅) ရက်ကြာ စစ်ဆေးခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။[3]

မတ်လ (၂၇) ရက်ကျိုက်ထိုမြို့မှ Voice of Thanphyuzayat သတင်းဌာနမှ သတင်းထောက်ဖြစ်သူကိုထက်မြတ်သူမှာ သတင်းရယူနေစဉ် ခြေထောက်တွင် ကျည်ထိမှန်ခဲ့ပြီး စစ်သားနှင့်ရဲများ ဝိုင်းဝန်း အကြမ်းဖက် ရိုက်နှက်ပစ်ခတ် ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

ထိုမတ်လ (၂၇) ရက်နေ့မှာပင် မန္တလေးမြို့မှ သတင်းထောက်ကိုစည်သူလွင်မှာ သတင်းရယူနေစဉ် ပစ်ခတ်ခံခဲ့ရသည့်အတွက် ညာဘက်လက်ကျည်ထိမှန်ဒဏ်ရာရရှိပြီး ကုသမှုခံယူခဲ့ရသည်။

ဧပြီလ (၂၁) ရက်တွင် ထားဝယ်မြို့အခြေစိုက် Dakkhina Insight သတင်းဌာနမှ သတင်းထောက်ကိုနိုင်လင်းထွန်းမှာ အာဏာသိမ်းမှု ဆန့်ကျင်သည့် ဆန္ဒပြပွဲတွင် သတင်းရယူနေစဉ် သေနတ်ပစ်ခတ်ခံရပြီး ကျည်ရှပ်ထိဒဏ်ရာဖြင့် ဖမ်းဆီးခံခဲ့ရသည်။

သတင်းထောက်များ ဖမ်းဆီးခံရမှုတွင် နိုင်ငံခြားသားသတင်းထောက်(၄)ဦးဖြစ်သည့် အမေရိကန် နိုင်ငံသား ကမာရွတ်မီဒီယာ အယ်ဒီတာချုပ်ကိုနေသန်မောင်၊ ပိုလန်နိုင်ငံသား ရောဘတ်ဘိုစီရာဂါ (Robert Bociaga)၊ ဂျပန်နိုင်ငံသား သတင်းထောက် ယုခိခိတဇုမိ(Yuki Kitazumi) နှင့် အမေရိကန်နိုင်ငံသား Frontier မဂ္ဂဇင်း အယ်ဒီတာ ဒန်နီဖန်စတာ(Danny Fenster) တို့ ဖမ်းဆီးခံခဲ့ရသည်။ ထိုနိုင်ငံခြားသား သတင်းသမားများမှ ပိုလန်နိုင်ငံသားသတင်းထောက် Robert Bociaga မှာ ဖမ်းဆီးစဉ် အကြမ်းဖက် ရိုက်နှက်ခံခဲ့ရသည်။

**သတင်းမှတ်တမ်းများနှင့် စစ်တမ်းကောက်ယူရရှိမှုအရ သတင်းရယူနေစဉ်၊ အဖမ်းခံရစဉ်နှင့် စစ်ဆေးမေးမြန်းမှုများတွင် အကြမ်းဖက်ရိုက်နှက်ခံရသည့် သတင်းသမား အနည်းဆုံး (၂၁) ဦးရှိခဲ့ပြီး ထိုထဲတွင် အမျိုးသမီး (၁) ဦးနှင့် ပိုလန်နိုင်ငံသား အမျိုးသားသတင်းထောက် (၁) ဦးတို့လည်း အကြမ်းဖက် ရိုက်နှက်ခံရမှုတွင် ပါဝင်ခဲ့သည်။ ထိုထဲမှ ရာဘာကျည်ထိမှန်သူ အမျိုးသားသတင်းသမား (၂) ဦးနှင့် ကျည်ဖြင့် ပစ်ခတ်ဖမ်းဆီးခံရသူ အမျိုးသားသတင်းသမား (၂) ဦး၊ ဖမ်းဆီးမခံရသော်လည်း လက်ကျည်ထိမှန်သူ အမျိုးသားသတင်းသမား (၁) ဦးရှိခဲ့သည်။**

*__၂.၅။ (ခ)  သတင်းသမားများ ခြိမ်းခြောက်ခံရခြင်း။__*

အာဏာသိမ်းပြီးနောက် လူထုဆန္ဒပြပွဲများတွင် သတင်းရယူနေသည့် နိုင်ငံအနှံ့မှ သတင်းသမားများ ဖမ်းဆီးခံခဲ့ကြခြင်းအတူ တချို့သတင်းထောက်များမှာ ဖမ်းဆီးစဉ် အကြမ်းဖက်ရိုက်နှက်ခံရခြင်းနှင့် ခြိမ်းခြောက်ပြောဆိုခြင်းများ ကြုံတွေ့ခဲ့ကြရသည်။ ထိုထဲမှ ခြိမ်းခြောက်ခံရသည့် သတင်းသမားတချို့၏ ဖြစ်ရပ်များကို ကောက်နှုတ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

*[3] ဇွန်လ ၃၀ ရက် ကမာရွတ်မီဒီယာ အယ်ဒီတာချုပ် နေသန်မောင် နှင့် ဘီဘီစီ မြန်မာပိုင်းမှ မေးမြန်းခြင်းထားခြင်းအား ကောက်နှုတ်ဖော်ပြခြင်း၊ သတင်းဌာနတချို့တွင် ဖော်ပြခဲ့သည့် သတင်းများမှ ကိုးကားထားခြင်းနှင့် သတင်းသမားတချို့နှင့် ဆက်သွယ်မေးမြန်းရာတွင် ၄င်းတို့၏ ခွင့်ပြုချက်ဖြင့် ကိုးကားဖော်ပြခဲ့ခြင်းဖြစ်သည်။*

*ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သတင်းထောက်သတင်းထောက်တချို့သို့ စစ်ကောင်စီတပ်များက ဖေဖော်ဝါရီလဆန်းမှာပင် မြေပြင်တွင် သတင်းလိုက်မယူရန်၊ သတင်းလိုက်ယူပါက ပစ်ခတ်သတ်ဖြတ်မိပါက တာဝန်မယူကြောင်း ပြောဆိုခြိမ်းခြောက်မှုများရှိခဲ့သည်ဟု ပြောကြားခံရသည့် သတင်းထောက်များက စစ်တမ်းတွင်ဖြေဆိုထားသည်။*

*ရှမ်းပြည်နယ်အခြေစိုက် သတင်းဌာနတစ်ခုမှ အမျိုးသမီးသတင်းထောက်နှင့် နေထိုင်ရာ အမျိုးသမီးများ စုစည်းနေထိုင်သည့် အိမ်သို့ ညသန်ခေါင်ကျော်တွင် အုတ်တံတိုင်းကျော် ဝင်ရောက်ခဲ့ပြီး အိမ်တွင်း ရှာဖွေခြင်း၊ ဖုန်းများစစ်ဆေးခြင်းနှင့် ပိုက်ဆံများ ယူဆောင်ခြင်းနှင့် ခြိမ်းခြောက်ပြောဆိုခြင်းများ ပြုလုပ်ခံခဲ့ရကြောင်း ဆိုသည်။*

*ပြည်မြို့မှ သတင်းထောက်တစ်ဦးမှာလည်း ဖမ်းဆီးမခံရမီ စစ်သားနှင့် ရဲများက ညာသံပေးကာ အသေသတ်ဆိုသည့် ခြိမ်းခြောက်ပြောဆိုပြီး ရိုက်နှက်အကြမ်းဖက်ဖမ်းဆီးခံခဲ့ရသည်။*

*ဖမ်းဆီးခံရသည့် သတင်းသမားအများစုတွင် ဖမ်းဆီးခံရစဉ်တလျှောက် ခြိမ်းခြောက်ပြောဆိုခံရခြင်းများနှင့် စစ်ဆေးမေးမြန်းစဉ်တွင် ခြိမ်းခြောက်ပြောဆိုခြင်းများခံခဲ့ရကြောင်းသိရသည်။*[4]

### <u>၂.၅။ (ဂ) ဖမ်းဆီးရှာဖွေမှုများပြုလုပ်လာခြင်းကြောင့် သတင်းသမားများ ထွက်ပြေးတိမ်းရှောင်ရခြင်း။</u>

မွန်ပြည်နယ်အခြေစိုက်သတင်းဌာနတစ်ခုမှ သတင်းသမားများသည် ဖေဖော်ဝါရီလကုန်ခါနီးမှ စတင်ကာ အယ်ဒီတာချုပ်နှင့် သတင်းအယ်ဒီတာများ၊ သတင်းထောက်များသည် ယင်းတို့၏ နေအိမ်တွင် နေထိုင်ခြင်းမပြုဘဲ ရွှေ့လျားရွှေ့ပြောင်းနေထိုင်ခဲ့ကြရသည်။

တာဝန်ခံအယ်ဒီတာနေအိမ်သို့ ဝင်ရောက်စီးနင်းရှာဖွေမှုများ ပြုလုပ်ခြင်းခံ ခဲ့ရသည့်အတွက် နယ်စပ်သို့ ပြောင်းရွှေ့တိမ်းရှောင်ခဲ့ကြရသည့်အပြင် သတင်းဌာနတည်ထောင်သူများနှင့် သတင်းသမားများနှင့် ၄င်းတို့ မိသားစုဝင်များကိုပါ ဖမ်းဆီးအရေးယူရန် ရဲတပ်ဖွဲ့က ကြိုးပမ်းလာသည့်အတွက် မိသားစုလိုက် လွတ်မြောက်နယ်မြေသို့ ထွက်ခွာတိမ်းရှောင်ခဲ့ရသည်။

ဧရာဝတီတိုင်းဒေသကြီး အခြေစိုက်သတင်းဌာနတစ်ခုမှ သတင်းသမားများသည် မတ်လမှစတင်ကာ သတင်းဌာနအယ်ဒီတာချုပ်နှင့် တာဝန်ခံအယ်ဒီတာတို့ကို စစ်ကောင်စီက အမှုဖွင့်ကာ ဖမ်းဆီးရန် ကြိုးပမ်းလာခြင်းကြောင့် သတင်းဌာနနှင့် မိမိတို့နေအိမ်များမှ ထွက်ပြေးရှောင်တိမ်းခဲ့ကြရသည်။ မတ်လအတွင်းမှာပင် အယ်ဒီတာများနှင့် သတင်းထောက်များအား စစ်ကောင်စီက လိုက်လံရှာဖွေ ဖမ်းဆီးမှုများ ပြုလုပ်လာသည့်အတွက် နေအိမ်များမှ ရွှေ့လျားတိမ်းရှောင် နေခဲ့ကြရာမှ လုံခြုံရေးအရ စိုးရိမ်မှုများရှိလာသည့်အတွက် ယခုအခါတွင် နယ်စပ်ဒေသတွင် တိမ်းရှောင်ကာ သတင်းအလုပ်များ ဆက်လက်လုပ်ကိုင်နေကြသည်။

ရန်ကုန်မြို့အခြေစိုက် သတင်းဌာနအများအပြားမှ သတင်းထောက်များသည်လည်း လွတ်မြောက်နယ်မြေ၊ နယ်စပ်ဒေသနှင့် ပြည်ပနိုင်ငံတချို့သို့တိမ်းရှောင်နေကြရသည်။ ချင်းပြည်နယ် ကလေးမြို့အခြေစိုက် သတင်းဌာနတစ်ခုမှလည်း ဖမ်းဆီးရှာဖွေမှုများကြောင့် ပြည်ပသို့ တိမ်းရှောင်ခဲ့ရသည်။


---

[4] ***သတင်းဌာန ၁၇ ခုနှင့် သတင်းသမား ၈၀ အား စစ်တမ်းကောက်ယူရာမှ ကိုးကား ဖော်ပြထားခြင်းဖြစ်သည်။***

ရှမ်းပြည်နယ်အခြေစိုက် သတင်းဌာနတစ်ခုမှလည်း သတင်းဌာနအား ရှာဖွေစီးနင်းခြင်းနှင့် သတင်းထောက်များကို ဖမ်းဆီးခြင်း၊ ရှာဖွေခြင်းများ ပြုလုပ်လာသည့်အတွက် သတင်းသမားများသည် နယ်စပ်တွင် တိမ်းရှောင်နေကြရသည်။ ကချင်ပြည်နယ်အခြေစိုက် မီဒီယာတစ်ခုမှလည်း သတင်းသမားများ ဖမ်းဆီးခံရခြင်း၊ သတင်းထောက်များအား ရှာဖွေဖမ်းဆီးခြင်းများရှိလာသည့်အတွက် ပြည်ပနှင့် အခြားလုံခြုံသည့်နေရာများသို့ တိမ်းရှောင်နေကြရသည်။

ရခိုင်ပြည်နယ်အခြေစိုက်သတင်းဌာနတစ်ခုသတင်းသမားများသည်လည်း လက်ရှိတွင် ရွှေ့လျားတိမ်းရှောင်နေထိုင်နေကြရသည်။ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအခြေစိုက် သတင်းဌာနတစ်ခုမှလည်း လက်ရှိတွင် သတင်းသမားများအားလုံး နယ်စပ်ဒေသများတွင် တိမ်းရှောင်နေကြရသည်။ မန္တလေးမြို့အခြေစိုက်သတင်းဌာနတစ်ခုမှလည်း လက်ရှိတွင် ဘေးကင်းလုံခြုံရာနေရာများတွင် ရွှေ့လျားတိမ်းရှောင်နေကြရသည်ဟုဆိုသည်။

*စစ်ကောင်စီ၏ ဖမ်းဆီးမှုများနှင့် အမှုဖွင့်အရေးယူမှုများကြောင့် သတင်းသမားများ မိမိတို့နေရာတွင် မနေဘဲ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ထွက်ပြေးတိမ်းရှောင်နေကြရသည်။ သတင်းသမား(၈၀)ဦးအား စစ်တမ်းကောက်ယူရာတွင် (၃၈.၅)ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ရှောင်တိမ်းနေကြရပြီး၊ ပြည်ပနိုင်ငံများတွင် နေထိုင်နေရသူ (၁၄.၈)ရာခိုင်နှုန်းရှိကာ လွတ်မြောက်နယ်မြေတွင်းရောက်ရှိနေသူ (၉)ရာခိုင်နှုန်းနှင့် နယ်စပ်တွင် နေထိုင်နေရသူ (၈.၇)ရာခိုင်နှုန်း၊ သတင်းအလုပ် မလုပ်တော့ဘဲ မူလနေရပ်တွင် နေထိုင်နေရသူ (၂၉)ရာခိုင်နှုန်းရှိသည်။*[5]




[5] ***သတင်းဌာန ၁၇ ခုနှင့် သတင်းသမား ၈၀ အား စစ်တမ်းကောက်ယူရာမှ ကိုးကား ဖော်ပြထားခြင်းဖြစ်သည်။***

## ၂.၆။ သတင်းမီဒီယာများ၏ မိသားစုဝင်များအား ဓါးစာခံအဖြစ် ဖမ်းဆီးခြင်းနှင့် ခြိမ်းခြောက်ခြင်း။

ချင်းပြည်နယ် ဟားခါးမြို့အခြေစိုက် သတင်းဌာနဖြစ်သည့် The Chin Land Post ၏ အယ်ဒီတာချုပ်ဖြစ်သူ၏ နေအိမ်တွင် ရှာဖွေဖမ်းဆီးရာ အယ်ဒီတာချုပ်ဖြစ်သူကို မတွေ့ရှိသဖြင့် ၎င်း၏ ယောက်ဖဖြစ်သူကို ဖမ်းဆီးခဲ့သည်။ ထို့ပြင် ရန်ကုန်မြို့ရှိ အလွတ်တန်းသတင်းထောက်ဖြစ်သူ မသူဇာကိုလည်း ၎င်း၏ နေအိမ်တွင် ရှာဖွေဖမ်းဆီးရာ မတွေ့ရှိသဖြင့် ၎င်း၏ အမျိုးသားအား ဖမ်းဆီးခဲ့သည်။

ဇူလိုင်လ(၄)ရက်တွင် ပြည်မြို့ အခြေစိုက်သတင်းဌာနဖြစ်သည့် မြေလတ်အသံသတင်းဌာနမှ သတင်းထောက် ကိုပြည့်ဘုန်းပိုင် နေထိုင်ရာနေအိမ်သို့ စစ်ကောင်စီမှလာရောက်ရှာဖွေရာ သတင်းထောက်မတွေ့သဖြင့် ၎င်း၏ ဖခင်နှင့် အဘိုးဖြစ်သူကို ဖမ်းဆီးသွားခဲ့သည်။

ထိုသို့ပင် ရှမ်းပြည်နယ်အခြေစိုက် သတင်းဌာနတစ်ခုမှ သတင်းထောက်တစ်ဦးအား နေအိမ်သို့လာရောက်ရှာဖွေရာတွင် မတွေ့ရှိသည့်အတွက် အဆိုပါ သတင်းထောက်၏ဖခင်ဖြစ်သူအား ဖမ်းဆီး ထိန်းသိမ်းခဲ့သည်။ ဖခင်ဖြစ်သူ ဖမ်းဆီးခံရခြင်းကြောင့် အဆိုပါ သတင်းထောက်မှာ ရှောင်တိမ်းနေရာမှ ရဲစခန်းသို့ သွားရောက် အဖမ်းခံခဲ့ကာ သတင်းထောက် အလုပ်မှ ထွက်ပါမည်ဟူသော ခံဝန်ကတိ ရေးထိုးပြီး အဆိုပါ သတင်းထောက်နှင့် သတင်းထောက်ဖခင်ဖြစ်သူတို့ လွတ်မြောက်လာခြင်းဖြစ်သည်။[6]

## ၂.၇။ သတင်းသမားများသတင်းရယူသဖြင့်သေဆုံးရခြင်း။

ဒီဇင်ဘာလ ၁၀ ရက် (အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့) တွင် တနိုင်ငံလုံးအတိုင်းအတာဖြင့် အသံတိတ်သပိတ်ဆင်နွှဲနေစဉ် ရန်ကုန်မြို့တွင်သတင်းဓာတ်ပုံယူ မှတ်တမ်းတင်နေသည့် သတင်းဓာတ်ပုံဆရာ ကိုစိုးနိုင်နှင့် ကိုဇော်ထွန်းတို့အား စစ်တပ်မှနေ၍ မတရားဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံရပြီး ရက်ပိုင်းအကြာ ဒီဇင်ဘာ ၁၄ ရက်နေ့တွင်ပင် ကိုစိုးနိုင်သည် စစ်ကြောရေးတွင်ညှင်းပန်းနှိပ်စက်ခံခဲ့ရသဖြင့် သေဆုံးခဲ့ရသည်။ ကိုစိုးနိုင်သည် အာဏာသိမ်းပြီးစစ်တပ်၏ နှိပ်စက်မှုကြောင့် ပထမဆုံးအသက်ပေးခဲ့ရသော သတင်းသမားဖြစ်လာခဲ့သည်။ ထို့အပြင် ကရင်ပြည်နယ်၊ လေးကေ့ကော်မြို့၊ မေခီးဝါးကျေးရွာတွင် သတင်းများ ဆက်လက်ထုတ်လွှင့်ရန် လာရောက်ခိုလှုံနေသူ ဖက်ဒရယ်ဂျာနယ်အယ်ဒီတာ ကိုအေစိုင်းကေ(ခ)ကိုစိုင်းဝင်းအောင် သည်လည်း ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် စစ်ကောင်စီ၏လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရပြန်သည်။ ရန်ကုန်မြို့၊ ၎င်း၏နေရပ်တွင် ရှိနေစဉ်အတွင်း စစ်တပ်တပ်ဖွဲ့ဝင်များက မကြာခဏဆိုသလို လာရောက်စောင့်ကြည့်သဖြင့် လေးကေ့ကော်သို့ လာရောက်တိမ်းရှောင်နေခြင်းဖြစ်သည်။

*[6] သတင်းဌာန ၁၇ ခုနှင့် သတင်းသမား ၈၀ အား စစ်တမ်းကောက်ယူရာမှ ကိုးကား ဖော်ပြထားခြင်းဖြစ်သည်။*

## ၂.၈။ စစ်ကောင်စီသတင်းစာရှင်းလင်းပွဲများတွင် သတင်းမီဒီယာများအား ခြိမ်းခြောက်ပြောဆိုခြင်း။

စစ်ကောင်စီမှ အာဏာသိမ်းပြီး ရက်သတ္တပတ် နှစ်ပတ်ကျော်အကြာ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပထမဆုံးသော သတင်းစာရှင်းလင်းပွဲကို ပြုလုပ်ခဲ့သည်။ အဆိုပါသတင်းစာရှင်းလင်းပွဲကို စစ်ကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် တပ်မတော်သတင်းအမှန်ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းနှင့် ဒုတိယခေါင်းဆောင်အဖြစ် ဦးသက်ဆွေတို့က ပြုလုပ်ခဲ့သည်။

ပထမဆုံးသော သတင်းစာရှင်းလင်းပွဲမှာပင် သတင်းမီဒီယာများကို လူသိရှင်ကြား ခြိမ်းခြောက်ပြောဆိုသည့်လုပ်ရပ်ကို စစ်ကောင်စီ၏ ပြန်ကြားရေးဒုဝန်ကြီး ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ပြောကြားခဲ့သည်။

ယင်းမှာ "သတင်းသမားများ၏ လုံခြုံရေးကို အာမခံမည်၊ မခံမည် အတိအကျ မပြောနိုင်ကြောင်းနှင့် အာဏာသိမ်း စစ်ကောင်စီဟု ရေးသားလျှင် သတင်းမီဒီယာများကို ပိတ်သိမ်းခြင်းမျိုးပါ ဆောင်ရွက်သွားမည်" ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်။

ထို့ပြင် မတ်လ ၂၃ ရက်က ပြုလုပ်သည့် ၃/၂၀၂၁ စစ် ကောင်စီ၏ သတင်းစာရှင်းလင်းပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြေညာစာအမှတ် ၂/၂၀၂၁ အရ CRPH အား မတရားအသင်းအဖြစ် ကြေညာပြီးဖြစ်သောကြောင့် သတင်းမီဒီယာများ၏ သတင်းဖော်ပြချက်များနှင့်ရေးသားချက်များတွင် ၎င်းမတရားအသင်းနှင့် ပတ်သက်ပြီး "တစ်နည်းနည်းဖြင့် ယင်းအသင်း၏ လုပ်ကိုင်ဆောင်ရွက်ရာအတွက် ကူညီလျှင်" မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇(၁) ဖြင့် ပြစ်မှုမြောက်သည်ကို သတိပေးလိုသည် ဟု ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ပြောကြားလိုက်သည်။

စစ်ကောင်စီ၏ သတင်းစာရှင်းလင်းပွဲများတွင် သတင်းမီဒီယာများအား သတင်းမှားဖော်ပြခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ နှပ်ကြောင်းပေးရေးသားခြင်းများကြောင့် နိုင်ငံတော်နှင့် ပြည်သူအတွက် အန္တရာယ်များသည့် ကိစ္စဖြစ်ပြီး လူငယ်၊ လူရွယ်များ လမ်းမှားရောက်စေရန် တွန်းပို့နေခြင်းဖြစ်သည်ဟု စွပ်စွဲမှုများလည်း ၎င်းတို့၏ သတင်းစာရှင်းလင်းပွဲ အများစုတွင် ထပ်ကာထပ်ကာ သုံးနှုန်းပြောဆိုလေ့ရှိသည်။

စက်တင်ဘာ ၃၀ရက်က ပြုလုပ်သည့် ၉/၂၀၂၁ သတင်းစာရှင်းလင်းပွဲတွင်လည်း သတင်းထောက်များ အနေဖြင့် သတင်းထောက်လုပ်ငန်း အတိုင်းမျှမျှတတ လုပ်ကိုင်ဆောင်ရွက်ပါက ဖမ်းဆီး ဆောင်ရွက်မှုပြုမည် မဟုတ်ဟုဆိုပြီး လက်ရှိဖမ်းဆီးထားရသည့် သတင်းသမားများမှာ လုပ်ပိုင်ခွင့်ကို ကျော်လွန်ဆောင်ရွက်မှုကြောင့်သာ ဖမ်းဆီးထိန်းသိမ်းရခြင်းဖြစ်သည်ဟု ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ဆိုသည်။

သတင်းသမားများမှာ သတင်းရယူဆောင်ရွက်နေစဉ် ဖမ်းဆီးခံရခြင်း၊ သတင်းလုပ်ငန်းခွင်အတွင်း မဟုတ်ဘဲ နေအိမ်များနှင့် ၎င်းတို့ နေထိုင်ရာနေရာများသို့ ဝင်ရောက်ဖမ်းဆီးခြင်း၊ စောင့်ကြည့် ထောင်ဖမ်းခြင်းများကို ကြုံတွေ့ခဲ့ကြရသည်။[7]

---

[7] *စစ်ကောင်စီသတင်းစာရှင်းလင်းပွဲများနှင့် သတင်းမီဒီယာများတွင် ဖော်ပြချက်များ ကို ကိုးကားခြင်းနှင့် သတင်းဌာန ၁၇ ခုနှင့် သတင်းသမား ၈၀ အား စစ်တမ်းကောက်ယူရာမှ ကိုးကား ဖော်ပြထားခြင်းဖြစ်သည်။*

# အခန်း(၃)　ဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းပြီး သတင်းသမားများအား ဖိနှိပ်လာခြင်း

**၃.၁။ ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့်ဥပဒေများ၊ အစားထိုးပြင်ဆင်ချက်ပုဒ်မများဖြင့် သတင်းသမားများနှင့် သတင်းဌာနများ အပေါ် ဖိနှိပ်ခြင်း။**

*၃.၁။ (က)　သတင်းလွတ်လပ်ခွင့်နှင့် သတင်းလုံခြုံရေးကို ဟန့်တားမည့် ဆိုင်ဘာလုံခြုံရေးဥပဒေ ပြဋ္ဌာန်းရန် ကြိုးပမ်းလာခြင်း။*

စစ်ကောင်စီမှ အာဏာသိမ်းပြီးနောက် ဥပဒေပေါင်း (၂၈) ခုအား ပြင်ဆင်ပြဋ္ဌာန်းမှုများပြုလုပ်ခဲ့ပြီး အဆိုပါ ပြင်ဆင်ချက်ဥပဒေများထဲမှ ရာဇသတ်ကြီးဥပဒေနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေများဖြင့် သတင်းမီဒီယာများနှင့် သတင်းသမားများအပေါ် အမှုဖွင့်အရေးယူမှုများလုပ်ဆောင်ခဲ့သည်။ သတင်းသမားများ၏ အခွင့်အရေးကို အကာအကွယ်ပေးထားသည့် သတင်းသမားများနှင့် သက်ဆိုင်သည့် သတင်းမီဒီယာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို လျစ်လျူရှုခံခဲ့ရပြီး သတင်းသမားများ၏ အခွင့်အရေး နှင့် ရပိုင်ခွင့်များ ဆုံးရှုံးစေခဲ့သည်။

လက်ရှိတွင် အကျဉ်းထောင်အသီးသီးမှ အထူးတရားရုံးများတွင် သတင်းသမား(၄၈) ဦး ကျန်ရှိနေပြီး ၎င်းတို့မှ အများစုကို ၅၀၅-က ကဲ့သို့သော ရာဇဝတ်မှုဆိုင်ရာဥပဒေဖြင့် တရားစွဲဆိုထားမှုအများဆုံးဖြစ်ပြီး သတင်းသမားတချို့မှာ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေ၊ မတရားအသင်းအက်ဥပဒေနှင့် အကြမ်း ဖက်တိုက်ဖျက်ရေးဥပဒေတို့ဖြင့်လည်း တရားစွဲဆိုခံထားရပြီး အမှုရင်ဆိုင်နေကြ ရသည်။

အာဏာသိမ်းပြီး ရက်အနည်းငယ်အတွင်း သတင်းသမားများနှင့် သတင်းမီဒီယာများ၏ သတင်းလွတ်လပ်ခွင့်ကို တိုက်ရိုက်ဖိနှိပ်ကန့်သတ်နိုင်သည့် ဆိုင်ဘာလုံခြုံရေးဥပဒေ(မူကြမ်း)ကို ထုတ်ပြန်ရန် ကြိုးပမ်းလာကြောင်း သတင်းများထွက်လာခဲ့သည်။

ထိုဥပဒေမူကြမ်းပါ အချက်များသည် သတင်းမီဒီယာဥပဒေတွင် ပါရှိသည့် ဒီမိုကရေစီနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ရေးသားမှု၊ သတင်းဖော်ပြမှုတို့အပေါ်တွင် အဟန့်အတားဖြစ်စေခြင်း၊ အွန်လိုင်းဖြင့် ဖြန့်ချီလျှက်ရှိသည့် သတင်းမီဒီယာများ၏ လွတ်လပ်စွာ သတင်းရေးသားတင်ဆက်ခြင်း၊ ထုတ်လွှင့်ခြင်း၊ သတင်းလုံခြုံခြင်းတို့အပေါ်တွင်လည်း၊ ဟန့်တားထားမှုများ ပါဝင်ပြဋ္ဌာန်းရန် ပြင်ဆင်ထားသည့် ဥပဒေကြမ်း ဖြစ်သည်။

အဆိုပါ ဆိုင်ဘာလုံခြုံရေး ဥပဒေမူကြမ်းသည် သတင်းမီဒီယာဥပဒေ အခန်း (၂)၊ ရည်ရွယ်ချက်များ ဖြစ်သည့် နိုင်ငံသားတိုင်းလွတ်လပ်စွာ ရေးသားထုတ် ဝေဖြန့်ချိခွင့်ရှိသည့် သတင်းမီဒီယာ လုပ်ငန်းများ ဖြစ်ပေါ်စေရန်၊ သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိ စေရန်၊ နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်တို့ ပျက်ကွက်ခြင်းနှင့်ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ ကြေညာစာတမ်း အပိုဒ်(၁၉)အရ လူတိုင်းသည် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိခြင်း တို့ကို ဖိနှိပ်ရန် ရည်ရွယ်ထားသောကြောင့် အဆိုပါ ဥပဒေ(မူကြမ်း)သည် သတင်းမီဒီယာတို့၏ လွတ်လပ်ခွင့်၊ သတင်းလုံခြုံခွင့်တို့ကို ဟန့်တားမည့် ဥပဒေတစ်ရပ်ဖြစ်လာနိုင်သည်။ ထို

အခြေအနေများကြောင့် သတင်းမီဒီယာအဖွဲ့အစည်းများနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အရေး ဆောင်ရွက်နေသည့်အဖွဲ့များက အဆိုပါဥပဒေမူကြမ်းအပေါ် အပြင်းအထန်ကန့် ကွက်ခဲ့ကြသည်။

*၃.၁။ (ခ) ရာဇသတ်ကြီးဥပဒေပြင်ဆင်ကာ ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့် ပုဒ်မများဖြင့် သတင်းသမားများ အရေးယူနေခြင်း။*

ဖေဖော်ဝါရီလ (၁၄) ရက်တွင် ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး အဆိုပါပြင်ဆင်သည့်ဥပဒေတွင် ပုဒ်မ-၁၂၁၊ ပုဒ်မ-၁၂၂၊ ပုဒ်မ-၁၂၄(က)၊ (ခ)နှင့် ထပ်တိုးပုဒ်မများအဖြစ် ပုဒ်မ-၁၂၄(ဂ)နှင့် (ဃ) တို့ကိုလည်းကောင်း၊ ပုဒ်မ-၅၀၅(က)၊ (ခ)၊ (ဂ) နှင့် (ဃ) တို့ ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းသည့်အပြင် ၅၀၅-က နှင့် ၅၀၅-က(၁)၊ (၂)၊ (၃) ဆိုပြီး ထပ်မံဖြည့်စွက်ပြဋ္ဌာန်းခဲ့သည်။

ထိုပြင်ဆင်ပြဋ္ဌာန်းသည့် ပုဒ်မများမှာ သတင်းမီဒီယာသမားများ လက်ရှိ တရားစွဲဆိုအမှုရင်ဆိုင်နေရသည့် ပုဒ်မများဖြစ်သည့် ရာဇသတ်ကြီး ပုဒ်မ ၁၂၄(က) “နိုင်ငံတော်အစိုးရအား အကြည်ညို ပျက်စေရန် ပြုလုပ်ခြင်း” တွင် ပြင်ဆင်အစားထိုးသည့် အချက်မှာ “တပ်မတော်နှင့် တပ်မတော်သားကို မုန်းထားစေရန် သော်လည်းကောင်း၊ မလေးစားစေရန်သော်လည်းကောင်း၊ ပြုလုပ်ရန် အားထုတ်လျှင် (သို့မဟုတ်) မေတ္တာပျက်စေရန် လှုံ့ဆော်လျှင်(သို့မဟုတ်)ထိုသို့လှုံ့ဆော်ရန် အားထုတ်လျှင်” ဆိုသည့် အချက်တွင် ယခင်ပြဋ္ဌာန်းချက်တွင် “တပ်မတော်နှင့် တပ်မတော်သား” ဆိုသည့် စကားရပ်ကို ထပ်မံဖြည့်စွက်ခဲ့ခြင်းဖြစ်သည်။ ပြစ်ဒဏ်မှာ အမြင့်ဆုံးထောင်ဒဏ် အနှစ်(၂၀)ဖြစ်သည်။

ဝါရင့်သတင်းစာဆရာဖြစ်သူ ဦးစည်သူအောင်မြင့်သည်လည်း အဆိုပါ ရာဇသတ်ကြီးပုဒ်မ-၁၂၄(က) ဖြင့် တရားစွဲဆိုခံထားရပြီး အမှုရင်ဆိုင်နေရဆဲဖြစ်သည်။

၅၀၅(က) အစားထိုးပြင်ဆင်ချက်တွင် “တပ်မတော်သားများ(သို့မဟုတ်) အစိုးရဝန်ထမ်းများ တာဝန်ထမ်းဆောင်နေစဉ် ၄င်းတို့၏ စိတ်ဓါတ်ခွန်အား၊ ကျင့်ဝတ်စည်းကမ်း၊ ကျန်းမာရေး(သို့မဟုတ်) ဆောင်ရွက်မှုတို့ကို ဟန့်တားနှောင့်ယှက်ရန်(သို့မဟုတ်) ၄င်းတို့ဆောင်ရွက်မှုကို မုန်းတီးလာစေရန် (သို့မဟုတ်) သစ္စာဖောက်ဖျက်စေရန် စိတ်ဓါတ်ကို ယိမ်းယိုင်ပျက်ပြားစေလျှင် ရာဇဝတ်မှု(ပြစ်မှု)ဖြစ်သည်ဟု အစားထိုးပြင်ဆင်ခဲ့သည်။

၅၀၅-က ဖြည့်စွက်ပြဋ္ဌာန်းချက်တွင် ကြောက်ရွံ့ထိတ်လန့်စေခြင်း၊ ကောလဟာလဖြန့်ချိခြင်း၊ ရာဇဝတ်မှုကျူးလွန်စေရန် လှုံ့ဆော်ခြင်း၊ သတင်းအမှားများ ဖြန့်ဝေခြင်းနှင့် ရာဇဝတ်မှုကျူးလွန်ခြင်းတို့ ပြဋ္ဌာန်းထားပြီး ၅၀၅-က(၁)တွင် ပြည်သူများအကြား ကြောက်ရွံ့ထိတ်လန့်စေခြင်း၊ ၅၀၅-က(၂)တွင် ကောလာဟလ၊ မမှန်သတင်းများ ဖြန့်ချိခြင်း၊ ၅၀၅-က(၃)တွင် နိုင်ငံ့ဝန်ထမ်းများ ရာဇဝတ်မှု ကျူးလွန်စေရန် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်လှုံ့ဆော်လျှင် ရာဇဝတ်ပြစ်မှုဖြစ်သည်ဟု ဖြည့်စွက်ပြဋ္ဌာန်းခဲ့သည်။

အဆိုပါ အစားထိုးပြင်ဆင်သည့် ပုဒ်မများ၊ ဖြည့်စွက်ပြဋ္ဌာန်းသည့် ပုဒ်မများနှင့် ပုဒ်မခွဲငယ်များသည် သတင်းမီဒီယာများနှင့် သတင်းသမားတို့အား အရေးယူဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ရှိရှိ စနစ်တကျပြဋ္ဌာန်းပြင်ဆင်ဖြည့်စွက်ထားသည့် ပုဒ်မများဖြစ်သည်ဟု ဥပဒေရေးရာလေ့လာသုံးသပ်သူ တစ်ဦးက သုံးသပ်ပြောကြားသည်။

လက်ရှိတွင် အကျဉ်းထောင်အသီးသီးရှိ အထူးတရားရုံးများတွင် အမှုရင်ဆိုင်နေရသည့် သတင်းသမား (၄၈) ဦးအနက် (၁၆) ဦးမှာ ရာဇသတ်ကြီး ပုဒ်မ-၅၀၅-က အမှုရင်ဆိုင်နေရဆဲဖြစ်သည်။ အခြားသတင်းသမား (၃၃) ဦးမှာ ဖမ်းဝရမ်းထုတ်ခံထားရဆဲဖြစ်သည်။

ဖမ်းဆီးခံ သတင်းသမား ၁၄၁ ဦးတွင် ၅၀၅-က တို့ဖြင့် အမှုဖွင့်ခံခဲ့ရသူ(၄၉) ဦးရှိပြီး လွတ်ငြိမ်းချမ်းသာခွင့် ပြန်လည်လွတ်မြောက်လာသူ(၃၃) ဦးရှိသည်။ နိုင်ငံခြားသား အမျိုးသားသတင်းသမား (၃) ဦးမှာ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူခံရသော်လည်း ပြည်နှင်ဒဏ်ဖြင့် ၄င်းတို့နိုင်ငံအသီးသီးသို့ ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်သည်။

| Lawsuits | Under detained | Released | Total |
|---|---|---|---|
| N/A | 21 | 47 | 68 |
| Penal 188 | | 1 | 1 |
| Penal 505A | 16 | 33 | 49 |
| Penal 505A, 124(a) | 2 | | 2 |
| Penal 505A, 505(b) \| Telecommunication Law 33(b), 66(d) | | 1 | 1 |
| Penal 505A \| Counter Terrorism Law 50(a), (c) | 2 | | 2 |
| Penal 505A \| Export and Import Law 5 | 1 | | 1 |
| Penal 505A \| Telecommunication Law 66(d) | | 2 | 2 |
| Penal 505A \| Unlawful Association Act 17(a), Immigration Act 13(a) | | 1 | 1 |
| Penal 505A \| Unlawful Association Law 17(1) | | 2 | 2 |
| Penal 505A,134,135 | | 1 | 1 |
| Penal 505A \| Unlawful Association Act 17(a) | 1 | | 1 |
| Counter Terrorism Law 50(a), 52(a) | 1 | | 1 |
| Counter Terrorism Law 52(a) | 1 | | 1 |
| Illegal residence | | 3 | 3 |
| Immigration Act 13(1) | | 1 | 1 |
| Penal 145, 505A, | | 1 | 1 |
| Penal 323, 334, 336, 341, 436 | 1 | | 1 |
| Explosion Substances Act | 2 | | 2 |
| | 48 | 93 | 141 |

*ပုံညွှန်း - တရားစွဲဆိုခံထားရသည့် သတင်းသမားအရေအတွက်အား အမှုဖွင့်ခံရသည့် ဥပဒေအလိုက်ပြသခြင်း*

*၃.၁။ (ဂ) ၂၀၁၄ ခုနှစ်အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပြင်ဆင်ချက်ဥပဒေပြဌာန်းပြီး သတင်းသမားများကို ဖိနှိပ်ခြင်း။*

ဩဂုတ်လ(၁)ရက်တွင် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်ခဲ့သည်။ အဆိုပါ အကြမ်းဖက်တိုက်ဖျက်မှု ဥပဒေပုဒ်မ-၅၂(က)ဖြင့်လည်း သတင်းသမားများ အရေးယူတရားစွဲဆိုထားခြင်းခံနေရသည်။ ပုဒ်မ-၅၂(က) တွင် ပုဒ်မ-၃(ခ )နှင့် ပုဒ်မခွဲငယ် (၁၆)မှ (၁၈)အထိ အစားထိုးပြင်ဆင်ပြဌာန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါပြင်ဆင်မှုတွင် စစ်ကောင်စီမှ အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားသည့် အဖွဲ့များနှင့် ပတ်သက်ပြီး ထိန်ချန်ခြင်း၊ ပါဝင်ဆောင်ရွက်ခြင်း၊ လွတ်မြောက်စေရန် ထိန်ချန်ခြင်း၊ လျို့ဝှက်ပေးခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ ပုန်းခွင့်ပေးခြင်း၊ တည်ခိုခွင့်ပေးခြင်း၊ ဝှက်ထားပေးခြင်း၊ အဆောက်အဦး၊ နေရာ အသုံးပြုခွင့်ပေးခြင်း၊ သယ်ယူပို့ဆောင်ရေးဆောင်ရွက်ပေးခြင်း စသည့်တို့မှာ ပြစ်မှုမြောက်ကြောင်း ဖော်ပြထားသည်။

လက်ရှိတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၅၀(က)ဖြင့် တရားစွဲဆိုခံထားရသူ Channel Mandalay မှ သတင်းထောက်ချုပ် ကိုဝင်းနိုင်ဦးအားလည်းကောင်း (မူလစွဲဆိုထားသည့် ပုဒ်မ ၅၀၅ (က) အစား အကြမ်းဖက်တိုက်ဖျက်ရေး ပုဒ်မ ၅၀(က) နှင့် ပြောင်းလဲတရားစွဲဆိုခဲ့ခြင်းဖြစ်သည်။)၊ ဧယျာဝတီဂိုင်းမ် သတင်းဌာနမှ သတင်းထောက် ကိုဒီမြတ်ငြိမ်းနှင့် ကိုပြည့်ဖြိုးအောင်တို့အား ယခင်စွဲဆိုထားသည့် ၅၀၅-က အပြင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၅၂(က)အမှု တိုးမြှင့်ဖွင့်ဆိုခံခဲ့ရသည်။

*၃.၁။ (ဃ) ၁၉၀၈ ခုနှစ် မတရားအသင်းအက်ဥပဒေ နှင့် သတင်းသမားများအရေးယူခံရမှု။*

စစ်ကောင်စီမှ သတင်းသမားတချို့ကို ၁၉၀၈ ခုနှစ် မတရားအသင်းအက်ဥပဒေပါ ပုဒ်မ-၁၇(၁)နှင့် ပုဒ်မ-၁၇(၂)တို့ဖြင့် အမှုဖွင့်အရေးယူမှုများရှိနေသည်။

၄င်းပုဒ်မများသည် မတရားအသင်းအဖြစ်ကြေညာခံထားရသည့်အဖွဲ့တွင် အဖွဲ့ဝင်ဖြစ်စေ၊ ၄င်းအဖွဲ့၏ အစည်းအဝေးကိုဖြစ်စေ၊ အသင်းဝင်ကြေးကိုထည့်ခြင်း၊ ကောက်ခံခြင်း၊ အဆိုပါအသင်း၏ ဆောင်ရွက်မှုများကို ကူညီခြင်း၊ အစည်းအဝေးကို ဆော်ဩကမကထပြုခြင်းနှင့် ကူညီခြင်းတို့မှာ ပြစ်မှုမြောက်ကြောင်း ဖော်ပြထားသည်။

ပုဒ်မ-၁၇(၁)၏ ပြစ်ဒဏ်မှာ ထောင်ဒဏ်(၂)နှစ်ထက် မနည်းသော၊ (၃) နှစ်မပိုသော ထောင်ဒဏ် နှင့် ငွေဒဏ်ချမှတ်နိုင်သည်ဟု ဆိုထားသည်။ လက်ရှိတွင် BBC Media Action မှ သတင်းတင်ဆက်သူ မထက်ထက်ခိုင်ကို ၅၀၅-က အပြင် မတရားအသင်းအက် ဥပဒေ ၁၇(၁) နှင့်ပါ တရားစွဲဆိုထားသည့်အတွက် အမှုရင်ဆိုင်နေရဆဲဖြစ်သည်။

မဇ္ဈိမ သတင်းဌာနကို ပူးတွဲတည်ထောင်သူ မသင်းသင်းအောင်နှင့် မဇ္ဈိမသတင်းဌာန ရုံးအဖွဲ့မှ ဂျိမ်းပူထောင်း တို့ကိုလည်း ရာဇသတ်ကြီး ပုဒ်မ-၅၀၅-ကအပြင် မတရားအသင်းအက်ဥပဒေ-၁၇(၁) ဖြင့် လည်း အမှုဖွင့်ခဲ့ရသည်။ ပြီးခဲ့သည့် အောက်တိုဘာလ ၁၈ ရက်တွင် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ၄င်းတို့နှစ်ဦးမှာ ပြန်လည် လွတ်မြောက်လာပြီဖြစ်သည်။

ထို့ပြင်သတင်းဌာနများဖြစ်သည့် မြေလတ်အသံသတင်းဌာနကိုလည်း ရာဇသတ်ကြီးပုဒ်မ-၅၀၅-က အပြင် မတရားအသင်းအက်ဥပဒေပုဒ်မ-၁၇(၁) ဖြင့်လည်း အမှုဖွင့်ထားသည်ဟု အဆိုပါ သတင်းဌာန တည်ထောင်သူထံမှ သိရသည်။

## ၃.၁။ (င) ၁၉၀၈ခုနှစ် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေ နှင့် သတင်းသမားများအရေးယူခံရမှု။

၁၉၀၈ ခုနှစ် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေ ပုဒ်မ-၅ ဖြင့် သတင်းသမား (၂)ဦးမှာ အမှုရင်ဆိုင်နေရဆဲဖြစ်သည်။ အဆိုပါ ပုဒ်မ-၅ မှာ ပြစ်မှုမြောက်ပါက ထောင်ဒဏ်(၁၄)နှစ်အထိ တစ်ကျွန်းပို့ပြစ်ဒဏ်ဖြစ်စေ၊ ၅ နှစ်ထိ ထောင်ဒဏ်ဖြစ်စေ ချမှတ်နိုင်သည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်းဆိုထားသည်။

သဃ်န်းကျွန်းပို့စ် သတင်းဌာန အယ်ဒီတာ မထက်ထက်အောင်(ခ)မထက်ထက်နှင့် သတင်းထောက် ကိုဝေလင်းတို့ကို ၁၉၀၈ ခုနှစ် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေ ပုဒ်မ-၅ ဖြင့် အမှုဖွင့် အရေးယူထားသည့်အတွက် အမှုရင်ဆိုင် နေရဆဲကာလဖြစ်သည်။

ယနေ့အချိန်ထိ သတင်းသမားများထဲမှ အဆိုပါဥပဒေပါ ပုဒ်မများဖြင့် အရေးယူခံထားရသူ (၂) ဦး ရှိနေသည်။

## ၃.၁။ (စ) သတင်းသမားများအား ဖိနှိပ်ရန် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းလာခြင်း။

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေအား ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကို နိုဝင်ဘာလ(၁)ရက်က ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။ ပုဒ်မ-၂(က)ကို အစားထိုးပြင်ဆင်ရာတွင် "အခြားနည်းပညာ တစ်ရပ်ရပ်ကို အသုံးပြုထုတ်လွှင့်ခြင်း" ဆိုသည့် အချက်ကို ဖြည့်စွက်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ပုဒ်မ-၉၆၊ ပုဒ်မ-၉၇၊ ပုဒ်မ-၉၈၊ ပုဒ်မ-၉၉ တို့တွင် ယခင် ငွေဒဏ်များကို တိုးမြှင့်ပြဋ္ဌာန်းလိုက်သည့်အပြင် ထောင်ဒဏ်များ ဖြည့်စွက်ခြင်းနှင့် ထောင်ဒဏ်နှင့် ငွေဒဏ်နှစ်ရပ်လုံး ချမှတ်နိုင်ကြောင်း အစားထိုးဖြည့်စွက်ပြင်ဆင်ခဲ့သည်။

ပုဒ်မ-၉၉ ၏နောက်တွင် ပုဒ်မ-၉၉(က)ကို ဖြည့်စွပ်ပြဋ္ဌာန်းခဲ့ပြီး "ပြစ်မှုနှင့် သက်ဆိုင်သော ပစ္စည်းများ ကိုပါ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်" ဖြစ်ကြောင်း ပြဋ္ဌာန်းခဲ့သည့်အပြင် ပုဒ်မ-၁၀၅ ၏ နောက်တွင် ပုဒ်မ-၁၀၅(က)အဖြစ် "ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးပိုင်မှုပြစ်မှုများအဖြစ် သတ်မှတ်သည်" ဟူ၍ ပြင်ဆင်ခဲ့သည်။ ထိုသို့ ဖြည့်စွက်ပြဋ္ဌာန်းမှုများ၊ ပြင်ဆင်ပြဋ္ဌာန်းချက်များသည် ဥပဒေနှင့်သက်ဆိုင်သည့်နယ်ပယ် ပိုမို ကျယ်ပြန့်ကာ အွန်လိုင်းသတင်းဌာနများ၏ ရုပ်သံထုတ်လွှင့်မှုများကို ကန့်သတ်ဖိနှိပ်ရန်နှင့် အရေးယူနိုင်ရန် ပစ်မှတ်ထား ပြင်ဆင်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်ဟု ဥပဒေရေးရာကျွမ်းကျင်သူမှ သုံးသပ်ထားသည်။[8] ထို့အပြင် ထုတ်ဝေခွင့်လိုင်စင်ပိတ်သိမ်းထားသည့် သတင်းဌာနများအပြင် ထုတ်ဝေခွင့် လိုင်စင်မရှိသည့် အွန်လိုင်းသတင်းဌာနများနှင့် အေဂျင်စီများ၏ ရုပ်သံထုတ်လွှင့်ခြင်းကို အရေးယူနိုင်ရန်နှင့် ရဲအရေးပိုင်မှု အဖြစ် ဖြည့်စွက်ပြဋ္ဌာန်းလိုက်သည့်အတွက် ရဲတပ်ဖွဲ့မှ တရားရုံး၏ ဖမ်းဝရမ်းမပါဘဲ သတင်းဌာနများနှင့် သတင်းသမားများကို ဖမ်းဆီးနိုင်သည့် အခွင့်အရေးရရှိသွားခြင်းဖြစ်သည်ဟု ဥပဒေရေးရာ ကျွမ်းကျင်သူက သုံးသပ်သည်။[9]

---

[8] *ဥပဒေရေးရာကျွမ်းကျင်သူနှင့် အစီရင်ခံစာအတွက် အင်တာဗျူးတွင် ဖြေကြားထားသည်များမှ ကိုးကားခြင်းဖြစ်သည်။*

[9] *ဥပဒေရေးရာကျွမ်းကျင်သူနှင့် အစီရင်ခံစာအတွက် အင်တာဗျူးတွင် ဖြေကြားထားသည်များမှ ကိုးကားခြင်းဖြစ်သည်။*

## ၃.၂။ သတင်းသမားများ ရာဇဝတ်မှုများဖြင့် တရားရုံးများမှ ထောင်ဒဏ်ချမှတ် အရေးယူခံရခြင်း။

မြိတ်မြို့အခြေစိုက် DVB သတင်းထောက် ကိုအောင်ကျော်သည် မတ်လ (၁) ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပြီး ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် တရားစွဲဆိုခံခဲ့ရကာ ဇွန်လ(၂) ရက်နေ့တွင် ထောင်ဒဏ်(၂)နှစ် ချမှတ်ခံခဲ့ရသည်။ ကိုအောင်ကျော်မှာ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အောက်တိုဘာလ (၁၈) ရက်နေ့တွင် လွတ်မြောက်လာခဲ့သည်။

ပြည်မြို့အခြေစိုက် DVB သတင်းဌာနမှ သတင်းထောက် ကိုမင်းညိုသည် မတ်လ(၃)ရက်နေ့တွင် အကြမ်းဖက်ရိုက်နှက်ဖမ်းဆီးခံရပြီး ရာဇသတ်ကြီးဥပဒေ ပုဒ်မ-၅၀၅-က ဖြင့် တရားစွဲဆိုခဲ့ကာ မေလ (၁၂) ရက်နေ့တွင် ထောင်ဒဏ်(၃)နှစ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ ၄င်းမှာ လွတ်ငြိမ်းချမ်းသာခွင့်နှင့်အတူ အောက်တိုဘာလ (၁၈)ရက်တွင် လွတ်မြောက်လာခဲ့သည်။ ကိုမင်းညိုသည် ဖမ်းဆီးခံရသည့် သတင်းသမားများထဲတွင် ပထမဆုံး ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်း ဖြစ်သည်။

ဥက္ကံမြို့အခြေစိုက် DVB သတင်းဌာနမှ အမျိုးသမီးသတင်းထောက် မမေသွယ်အောင်သည် မတ်လ (၁၆)ရက်တွင် ၄င်း၏ အမျိုးသား(သတင်းထောက်)နှင့်အတူ သတင်းသွားယူစဉ် ဖမ်းဆီးခံရပြီး မတ်လ(၁၇)ရက်တွင် ရုံးတင်စစ်ဆေးကာ ညမထွက်ရအမိန့်ကို ဖောက်ဖျက်ခြင်းဆိုင်ရာ ရာဇသတ်ကြီး ဥပဒေ-ပုဒ်မ-၁၈၈ ဖြင့် ထောင်ဒဏ်တလချမှတ်ခံခဲ့ရသည်။

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့အခြေစိုက် ကမ္ဘောဇတိုင်းမ်သတင်းဌာနက အယ်ဒီတာ နန်းနန်းတိုင်း၊ သတင်းထောက် နန်းဝင်းရီ၊ ထုတ်ဝေသူ ကိုတင်အောင်ကျော်နှင့် သတင်းသမားအဖြစ် စွပ်စွဲခံရသူ နေအိမ်အစောင့်ဖြစ်သည့် စိုင်းစည်သူတို့သည် မတ်လ(၂၄)ရက်နေ့က တိမ်းရှောင်နေစဉ် ဟိုပုံးမြို့တွင် ဖမ်းဆီးခံခဲ့ရပြီး ဒီဇင်ဘာလ(၁၀)ရက်နေ့မှာ ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၅၀၅ (က) နှင့် ထောင်ဒဏ်(၃)နှစ်စီ ချမှတ်ခံခဲ့ရသည်။

မင်းလှအခြေစိုက် DVB သတင်းထောက် ကိုသက်နိုင်ဝင်းသည် ဧပြီလ(၅) ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပြီး ရာဇသတ်ကြီး ပုဒ်မ-၅၀၅-က ဖြင့် တရားစွဲဆိုခံခဲ့ရကာ ဇွန်လ(၁၆)ရက်နေ့တွင် ထောင်ဒဏ်(၃)နှစ် ချမှတ်ခံခဲ့ရသည်။ ကိုသက်နိုင်ဝင်းမှာ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အောက်တိုဘာလ (၁၈)၇က်နေ့တွင် လွတ်မြောက်လာခဲ့သည်။

မြိတ်မြို့အခြေစိုက် Mizzima နှင့် အလွတ်တန်းသတင်းထောက်ဖြစ်သူ ကိုဇော်ဇော်မှာ ဧပြီလ(၇)ရက်နေ့တွင် ဖမ်းဆီးခံရပြီး ရာဇသတ်ကြီးဥပဒေ ပုဒ်မ-၅၀၅-ကဖြင့် တရားစွဲဆိုခံရကာ ဇွန်လ(၂)ရက်နေ့တွင် ထောင်ဒဏ်(၂)နှစ်ချမှတ်ခံခဲ့ရသည်။ ၄င်းသည်လည်း လွတ်ငြိမ်းချမ်းသာခွင့်နှင့် အောက်တိုဘာလ(၁၈)ရက်နေ့တွင် လွတ်မြောက်လာခဲ့သည်။

ကန့်ဘလူမြို့နယ်အခြေစိုက် အလွတ်တန်းသတင်းထောက် ကိုအောင်မျိုးထက်သည် ဧပြီလ(၂၀)ရက်က ဖမ်းဆီးခံခဲ့ရပြီး ရာဇသတ်ကြီးဥပဒေ ပုဒ်မ-၅၀၅-က တရားစွဲဆိုခံရပြီး နိုဝင်ဘာလ(၃၀)ရက်နေ့တွင် ဖောက်ဖျက်မှုဖြင့် ထောင်ဒဏ်(၂)နှစ် ချမှတ်ခံခဲ့ရသည်။

Frontier Myanmar အယ်ဒီတာ အမေရိကန်နိုင်ငံသား သတင်းသမား ဒန်နီဖန်စတာသည် မေလ (၄)ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးခံရပြီး ရာဇသတ်ကြီး ဥပဒေပုဒ်မ-၅၀၅-က

ဖြင့်လည်းကောင်း၊ မတရားအသင်းအက်ဥပဒေ ၁၇(၁) ဖြင့်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေး ဥပဒေ ပုဒ်မ-၁၃(၁) ဖြင့်လည်းကောင်း တရားစွဲဆိုခံခဲ့ရပြီး နိုဝင်ဘာလ(၁၂)ရက်နေ့တွင် အဆိုပါပုဒ်မ (၃)ခုဖြင့် စုပေါင်းပြစ်ဒဏ် ထောင်ဒဏ်(၁၁)ချမှတ်ခံခဲ့သည်။ ထိုသို့ ထောင်ဒဏ်ချမှတ်ခံရပြီး သုံးရက်မြောက်နေ့တွင် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြည်နှင်ဒဏ်နှင့်အတူ နိုဝင်ဘာလ (၁၅)ရက်နေ့တွင် လွတ်မြောက်ခဲ့သည်။ ၄င်းအား ရာဇသတ်ကြီးဥပဒေ ပုဒ်မ-၁၂၄-က နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ-၅၀(က) တို့ဖြင့်လည်း အရေးယူခံထားရခြင်းဖြစ်သည်။

မေလ (၁၄) ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည့် ပဲခူးအပတ်စဉ်ဂျာနယ်က ကိုငြိမ်းချမ်းဝေသည်လည်း ဒီဇင်ဘာလ (၁၆) ရက်နေ့တွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ထောင်ဒဏ် (၃) နှစ် ချမှတ်ခံခဲ့ရပြီး တသက်တကျွန်းအထိ ချမှတ်ခံရနိုင်သည့် ပုဒ်မ ၁၂၄-က ဖြင့်လည်း တဆက်တည်း တရားစွဲဆိုခံထားရသည်။

အလွတ်တန်းဓါတ်ပုံသတင်းထောက်ဖြစ်သူ မောင်ထူးဆန်း(ခ)သက်ထွန်းအောင်သည် ရာဇသတ်ကြီးပုဒ်မ-၅၀၅-က ဖြင့် တရားစွဲဆိုခံခဲ့ရပြီး ဇွန်(၃)ရက်နေ့တွင် ထောင်ဒဏ်(၃)နှစ်ချမှတ်ခံခဲ့ရသည်။

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့အခြေစိုက် ကမ္ဘောဇတိုင်းမ်သတင်းဌာနက အယ်ဒီတာနန်းနန်းတိုင်း၊ သတင်းထောက် နန်းဝင်းရီ၊ ထုတ်ဝေသူ ကိုတင်အောင်ကျော်နှင့် သတင်းသမားအဖြစ် စွပ်စွဲခံရသူ နေအိမ်အစောင့်ဖြစ်သည့် စိုင်းစည်သူတို့သည် မတ်လ(၂၄)ရက်နေ့က တိမ်းရှောင်နေစဉ် ဟိုပုံးမြို့တွင် ဖမ်းဆီးခံခဲ့ရပြီး ဒီဇင်ဘာလ(၁၀)ရက်နေ့မှာ ရာဇသတ်ကြီး ဥပဒေပုဒ်မ - ၅၀၅ (က) နှင့် ထောင်ဒဏ် (၃) နှစ်စီ ချမှတ်ခံခဲ့ရသည်။

သံလွင်သွေးချင်းသတင်းဌာန အယ်ဒီတာချုပ် မမြဝန်းရုံကို တောင်ကြီးမြို့နယ်နေအိမ်တွင် သမီးနှစ်ဦးနှင့် အတူ ဇူလိုင် ၂၀ ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး ဒီဇင်ဘာ ၃၀ ရက်နေ့တွင် မမြဝန်းရုံအား ပုဒ်မ ၅၀၅-က ဖြင့် ထောင်ဒဏ် ၂ နှစ် ချမှတ်ခံခဲ့ရသည်။

အာဏာသိမ်းကာလ ၁၁လ တာကာလအတွင်း တရားရုံးအသီးသီးမှ အမိန့်ချပြီး ပြစ်ဒဏ်ကျခံရသည့် သတင်းသမား(၁၃)ဦးအထိ (နေအိမ်အစောင့်ဖြစ်သူအား ထည့်သွင်းရေတွက်ထားခြင်းမရှိပါ) ရှိပြီဖြစ်သည်။

အထူးတရားရုံးများတွင် အမှုစစ်ဆေးကြားနာခံရသည့် သတင်းသမားများ၏ အမှုများမှာ အများပြည်သူရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ကြားနာခွင့်ရခြင်း မဟုတ်ဘဲ သက်ဆိုင်သည့်ရှေ့နေသာ တတ်ရောက်ခွင့်ရှိပြီး တရားစွဲအဖွဲ့ အစည်းများဖြစ်သည့် ရဲတပ်ဖွဲ့၊ စ.ဂ.ဖ၊ စ.စ.စ စသည့်အဖွဲ့များမှာ ကြားနာစစ်ဆေးမှုများကို အမြဲစောင့် ကြည့်နေသည့်အတွက် တရားသူကြီးများ အနေဖြင့် လွတ်လပ်သည့် တရားစီရင်မှုမဟုတ်ဟု ဥပဒေရေး ရာလေ့လာသုံးသပ်သူကဆိုသည်။[10]

---

*[10] သတင်းဌာနများတွင် ဖော်ပြချက်များအား ကိုးကားခြင်း၊သတင်းဌာန ၁၇ ခုနှင့် သတင်းသမား ၈၀ အား စစ်တမ်းကောက်ယူရာတွင် ဖြေဆိုမှုများမှ ကောက်နုတ်ကိုးကားခြင်းနှင့် ဥပဒေရေးရာကျွမ်းကျင်သူများကို မေးမြန်းဆွေးနွေးခဲ့သည်များမှ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်သည်။*

## ၃.၃။ ချုပ်နှောင်ခံရဆဲ သတင်းသမားများ။

လက်ရှိတွင် အကျဉ်းထောင်အသီးသီး၌ ချုပ်နှောင်ခံရဆဲ သတင်းမီဒီယာသမား အမျိုးသား (၃၉) ဦး၊ အမျိုးသမီး(၉)ဦး စုစုပေါင်း(၄၈) ဦးကျန်ရှိနေပြီး အဆိုပါ သတင်းသမားများသည် ရာဇဝတ်မှုပုဒ်မများ တပ်ကာ တရားစွဲဆိုခံထားရသူများဖြစ်သည်။ ၄င်းတို့မှာ အကျဉ်းထောင်များတွင် ဖွင့်လှစ်ထားသည့် အထူးတရားရုံးများ တွင် ကြားနာစစ်ဆေးမှုများခံနေရခြင်း ဖြစ်သည်။

## ၃.၄။ သတင်းမီဒီယာဥပဒေပါ သတင်းသမားများ၏ ရပိုင်ခွင့်များ ဆုံးရှုံးနေခြင်း။

စစ်ကောင်စီလက်ထက် သတင်းသမားများသည် ဥပဒေအရ အကာအကွယ်ရပိုင်ခွင့်များ ဆုံးရှုံးနေရ သည့်အပြင် သတင်းသမားအခွင့်အရေးနှင့် နိုင်ငံသားအခွင့်အရေးများပါ ဆုံးရှုံးလျှက်ရှိသည်။ မည်သို့သော အခွင့်အရေးနှင့် ရပိုင်ခွင့်များ ဆုံးရှုံးနေကြသည်ဆိုသည်ကို ရှင်းလင်းရန်အလို့ငှါ သုတေသနရည်ရွယ်ချက်ဖြင့် ယခင်အစိုးရလက်ထက်များ၌ ပြဋ္ဌာန်းခဲ့သော ဥပဒေများအား ရည်ညွှန်းဖော်ပြလိုသည်။

သတင်းမီဒီယာဥပဒေ၏ ရည်ရွယ်ချက်ဖြစ်သည့် အခန်း(၂) ပုဒ်မ-၃ ပါ ပြဋ္ဌာန်းချက်များသည် စတုတ္ထ မဏ္ဍိုင်အဖြစ်ရပ်တည်နိုင်ရန် ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

၄င်းတို့မှာ -

(က) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသားတိုင်း လွတ်လပ်စွာ ရေးသား ထုတ်ဝေဖြန့်ချိခွင့်ရှိသည့် သတင်းမီဒီယာလုပ်ငန်းများ ဖြစ်ပေါ်စေရန်။

(ခ) သတင်းမီဒီယာလုပ်ငန်းသည် စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာရပ်တည်နိုင်စေရန်။

(ဂ) သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်။

(ဃ) သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်းနှင့် ကျင့်စဉ်များကို ဆိုင်ရာ လုပ်ငန်း၊အဖွဲ့အစည်းများအတွင်း သတ်မှတ်ရေးဆွဲရန်။

(င) နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်။

(စ) သတင်းမီဒီယာတစ်ခုခုတွင် ရေးသားဖော်ပြထုတ်လွှင့်မှု တစ်ရပ်ရပ်နှင့် စပ်လျဥ်း၍ တစုံစ် ယောက်၏ တိုင်ကြားချက်၊ အငြင်းပွားချက်များကို နှစ်ဖက်ညှိနှိုင်းဖြေရှင်းသော နည်းလမ်းဖြင့် ကြေ အေးပြေငြိမ်းစေရန် ဟူသော ပြဋ္ဌာန်းချက်များ ပေးအပ်ထားပြီဖြစ်သည်။

ထို့ပြင်သတင်းမီဒီယာဥပဒေအခန်း(၃)ပါ သတင်းမီဒီယာသမားများ၏ အခွင့်အရေးများတွင် ပုဒ်မ-၇ အရ - "သတင်းမီဒီယာသမားတစ်ဦးသည် စစ်မက်ဖြစ်ပွားရာ ဒေသ၊ အရေးအခင်း၊ အဓိကရုဏ်း၊ အများ ပြည်သူ ဆန္ဒပြရာနေရာ ဒေသတို့၌ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းက သတ်မှတ်ထားသော စည်းကမ်းများ နှင့်အညီ သတင်းယူနေစဥ်တွင်- ပုဒ်မ-၇(က)-လုံခြုံရေးဆိုင်ရာအဖွဲ့ အစည်းတစ်ရပ်ရပ်၏ ဖမ်းဆီးထိန်း

သိမ်းခြင်း၊ သတင်းမှတ်တမ်းစသည့် သတင်းရယူခြင်းနှင့် သက်ဆိုင်သော ကိရိယာများကို သိမ်းယူခံရခြင်းနှင့် ဖျက်ဆီးခံရခြင်းတို့မှ ကင်းလွတ်စေရမည်။

ပုဒ်မ-၇(ခ) တွင် လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများရှိက ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိစေရမည်ဟု ပြဋ္ဌာန်းထားသည်။

ထို့အတူပင် ပုဒ်မ-၄၊ ၅၊ ၆၊ ၈၊ ၉ပါ ပြဋ္ဌာန်းချက်များသည် သတင်းမီဒီယာသမားများအား ဥပဒေအရ အကာအကွယ်ပေးထားသည့် ပုဒ်မများဖြစ်သည်။ လက်ရှိ စစ်ကောင်စီလက်ထက်တွင် အဆိုပါ ဥပဒေအရ အကာအကွယ်နှင့် ရပိုင်ခွင့်အခွင့်အရေးများမှာ လျစ်လျူခံနေရခြင်းဖြစ်သည်ဟု ဥပဒေရေးရာကျွမ်းကျင်သူ တစ်ဦးက ဆိုသည်။[11]

“သတင်းမီဒီယာဥပဒေပြဋ္ဌာန်းချက်များကို လျစ်လျူရှုပြီး တခြားဥပဒေအမျိုးမျိုးနဲ့ သတင်းဌာနတွေနဲ့ သတင်းသမားတွေကို ဖမ်းဆီးအရေးယူနေတာဟာ အလွန်အင်မတန်ဆိုးရွားတဲ့ နစ်နာချက်ဖြစ်ပါတယ်” ဟု ၎င်းက ဆိုသည်။

သို့သော် သတင်းသမားများ၏ ရပိုင်ခွင့်နှင့် သတင်းမီဒီယာ၏ စတုတ္ထမဏ္ဍိုင် အဖြစ်ပီပြင်စွာ ရပ်တည်နိုင်ရေးအတွက် အခြေခံအကျဆုံးသော ရပိုင်ခွင့်များ ရရှိရန်လိုအပ်လျှက်ရှိနေသည်။ ဥပဒေရေးရာ ကျွမ်းကျင်သူက “သတင်းဌာနနဲ့သတင်းသမားတွေကို အကာအကွယ်ပေးနိုင်ပါလျက် အကာအကွယ်မဲ့နေကြခြင်း ဖြစ်တယ်” ဟု သတင်းသမားများ နစ်နာချက်နှင့် အကာအကွယ်မဲ့နေရခြင်းအကြောင်းကို ထောက်ပြသည်။

*11 ဥပဒေရေးရာကျွမ်းကျင်သူနှင့် အစီရင်ခံစာအတွက် မေးမြန်းမှုများမှ ကောက်နုတ်ကိုးကားထားခြင်းဖြစ်သည်။*

# အခန်း(၄)     သတင်းမီဒီယာလုပ်ငန်းနှင့် သတင်းသမားများ၏ ရပ်တည်ရေး ခြိမ်းခြောက်ခံရခြင်း

## ၄.၁။ သတင်းမီဒီယာရပ်နားလိုက်ရခြင်းနှင့် အမည်ပြောင်း၊ ပုံစံပြောင်း ထုတ်လုပ်လာရခြင်း။

ထုတ်ဝေခွင့်လိုင်စင်ပိတ်သိမ်းခြင်းနှင့် သတင်းသမားများကို ဖမ်းဆီးမှုများရှိလာခြင်းကြောင့် ရပ်နားထားလိုက်ရသည့် မီဒီယာများမှာ ရန်ကုန်အခြေစိုက်မီဒီယာများထဲမှ 7 days နေ့စဉ်ထုတ် သတင်းစာ၊ ဂျာနယ်၊ အွန်လိုင်းတီဗွီ၊ အွန်လိုင်းသတင်း၊ မြန်မာတိုင်းမ်သတင်းဌာနမှ သတင်းစာနှင့် အပတ်စဉ်ထုတ်ဂျာနယ်နှင့် အွန်လိုင်းသတင်းထုတ်လုပ်မှုများ၊ The Voice နေ့စဉ်သတင်းစာ၊ အပတ်စဉ်ထုတ်ဂျာနယ်နှင့် အွန်လိုင်းသတင်းများ၊ မကွေးဂျာနယ်၊ မြစ်ကြီးနားဂျာနယ်၊ မုံရွာဂေဇက် သတင်းဂျာနယ်နှင့် အွန်လိုင်းသတင်း၊ ကမ္ဘောဇတိုင်းမ်သတင်းဌာန၊ မကွေးပို့စ်အွန်လိုင်းဌာန၊ တနင်္သာရီဂျာနယ် စသည့်တို့ ရပ်နားသွားခဲ့သည်။

ပုဂ္ဂလိက သတင်းစာများထဲဆက်လက်ထုတ်လုပ်နေဆဲသတင်းစာမှာ စံတော်ချိန်သတင်းစာနှင့် Daily Eleven သတင်းစာများသာ ကျန်ရှိတော့သည်။အဆိုပါသတင်းဌာန(၂)ခုပင်လျှင် အာဏာသိမ်းစကာလတွင် ခေတ္တရပ်နားခဲ့သည်။

ထုတ်ဝေခွင့်ပိတ်သိမ်းခဲ့သော်လည်း ဆက်လက်သတင်းထုတ်လုပ်နေဆဲသတင်းဌာနများမှာ DVB၊ Mizzima၊ Myanmar Now၊ Khit Thit media၊ တာချီလိတ်သတင်း အေဂျင်စီ၊ The 74 media၊ Delta News Agency၊ သံလွင်တိုင်းမ်သတင်းဌာန၊ Border News Agency တို့မှာ သတင်းများ ဆက်လက်ထုတ်လုပ်နေဆဲဖြစ်သည်။

သတင်းသမားများ ဆောင်ရွက်လာသည့် အွန်လိုင်းအခြေပြုသတင်းမီဒီယာအသစ် (၉)ခု အထိရှိလာခဲ့သည်။ အဆိုပါသတင်းဌာနအသစ်များသည် သတင်းမီဒီယာလောကတွင် ဆယ်စုနှစ်ကျော် လုပ်ဆောင်ပြီး သတင်းဌာနများ ထုတ်ဝေခွင့်ပိတ်သိမ်းခံရခြင်းအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် အလုပ်ရပ်နားလိုက်ရသည့် သတင်းသမားများ စုပေါင်းလုပ်ဆောင်နေသည့် သတင်းဌာနများကို အခြေခံထားခြင်းဖြစ်သည်။

| | အွန်လိုင်းသတင်းမီဒီယာအသစ်များ |
|---|---|
| ၁။ | The Nation Voice |
| ၂။ | National Unity Media |
| ၃။ | Border News Agency |
| ၄။ | Mandalay Free Press |
| ၅။ | Pyu Regional News |
| ၆။ | Chindwin Post |
| ၇။ | Burma Associate Press |
| ၈။ | The Light Myanmar |
| ၉။ | Myanmar Press Freedom |

*ပုံညွှန်း -*

*အာဏာသိမ်းပြီးနောက် သတင်းသမားများ စုပေါင်းတည်ထောင်ထားသည့် အွန်လိုင်းသတင်းဌာန အသစ်များ။*

## ၄.၂။ သတင်းဌာနများနှင့် သတင်းသမားများ၏ ရပ်တည်ရေးခက်ခဲလာခြင်း။

အာဏာသိမ်းပြီးနောက် တစ်လကျော်ကာလအတွင်း သတင်းဌာနများ ထုတ်ဝေခွင့်လိုင်စင်များ ပိတ်သိမ်းခံရခြင်း၊ သတင်းဌာနများ ရှာဖွေခံရခြင်း၊ သတင်းသမားများ ဖမ်းဆီးခံရခြင်းများရှိလာသည့်အမျှ သတင်းဌာနများ ပိတ်သိမ်း ရပ်နားခြင်းများ ဖြစ်လာခဲ့သည်။

ကြော်ငြာနှင့် ထောက်ပံ့ရေးအစီအစဉ်များနှင့် ရပ်တည်နေရသည့်သတင်းဌာနများအနေဖြင့် ကိုဗစ်ကာလ နိုင်ငံ၏စီးပွားရေးကျဆင်းမှုနှင့်အတူ ကြော်ငြာဝင်ငွေဖြင့် ရပ်တည်နေရခြင်းမှ ကြီးစွာသော စိန်ခေါ်မှုများ ရင်ဆိုင်ရန်းကန်နေရချိန် အာဏာသိမ်းကာလကို ထပ်မံဖြတ်သန်းရသည့်အတွက် ဝင်ငွေ လုံးဝမရှိသည့် အခြေအနေကို ရင်ဆိုင်ခဲ့ကြရသည်။

သတင်းဌာန (၁၇) ခုကို စစ်တမ်းကောက်ယူမှုအရ ဝင်ငွေ လုံးဝရပ်ဆိုင်းသွားပြီး သတင်းဌာန ရပ်တည်ရေးအတွက် ကြီးမားဆုံးသော အခက်အခဲကို ရင်ဆိုင်နေရသည်ဟု ဆိုကြသည်။ ကြော်ငြာဝင်ငွေ လုံးဝရပ်ဆိုင်းရသည့်အပြင် INGO (နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း) တချို့မှ လွတ်လပ်ပြီး အမှီအခိုကင်းသည့် သတင်းများ ထုတ်လုပ်နိုင်ရန် ထောက်ပံ့ပေးသည့် အစီအစဉ်များလည်း ရပ်ဆိုင်းသွားခဲ့သည်။ ထိုအခြေအနေများကြောင့် သတင်းဌာနများ ရပ်တည်ရေးမှာ ကြီးမားသော စိန်ခေါ်မှုကြီးကို ရင်ဆိုင်ခဲ့ကြရသည်။

ဒေသအခြေစိုက် သတင်းဌာန တစ်ခုမှ သတင်းဌာန တည်ထောင်သူက "အာဏာသိမ်းပြီး နောက်ပိုင်း ဝင်ငွေများ ရပ်ဆိုင်းသွားခဲ့ကြောင်း၊ Media ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ မရှိသလောက်ရှားပါးလာခြင်းကြောင့်

ဆက်လက်ရပ်တည်ရန် အခက်အခဲများစွာ ကြုံတွေ့နေရကြောင်းနှင့် လက်ရှိမှာ သတင်းသမားများအား ဖုန်းဘေသာထည့်ပေးနိုင်ပြီး၊ သီးသန့်လစာအဖြစ် ပေးနိုင်ခြင်းမရှိတော့ဘဲ မကြာခင်လအနည်းငယ်အတွင်း ရပ်ဆိုင်းသွားနိုင်သည့် အခြေအနေများ ကြုံတွေ့နေရသည်” ဟု ဆိုသည်။

ရန်ကုန် အခြေစိုက်သတင်းဌာနတခု၏ တာဝန်ရှိသူက “သတင်းဌာနရပ်တည်ဖို့အတွက် အဓိက ထောက်တိုင်ဖြစ်တဲ့ ကြော်ငြာဝင်ငွေမရရှိတော့ဘူး” ဟု ဆိုပါသည်။

သတင်းဌာနအများစုမှာ လက်ရှိတွင် ဝင်ငွေနှင့် ထောက်ပံ့မှု လုံးဝမရှိဘဲ အများပြည်သူ သတင်းမှန်များ နှင့် သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် သတင်းသမားများ လုပ်ခလစာ လုံးဝမရရှိဘဲ ရပ်တည် နေရသည်ဟု စစ်တမ်းတွင် ဖြေဆိုထားသည်။

စစ်တမ်းတွင် ဖြေဆိုထားသည့် သတင်းဌာန (၁၇) ခုမှ သတင်းဌာနတစ်ခုသာ သတင်းနှင့် သတင်း ဆောင်းပါးထုတ်လုပ်မှုအတွက် အသေးစားထောက်ပံ့မှုတချို့သာ ရရှိနေသည်ဟု ဆိုထားသည်။

အွန်လိုင်းသတင်းဌာနများအဖြစ် မဖြစ်မနေရှင်သန်ရပ်တည်နေရသော်လည်း ဝင်ငွေမရှိသည့် အတွက် သတင်းထောက်များကို လစာမပေးနိုင်ဘဲ ဆက်လက်ထုတ်လွှင့်နေရကြောင်း သတင်းဌာန တည်ထောင်သူ တဦးက ဆိုသည်။

သတင်းသမား ၈၀ ဦး၏ စစ်တမ်းဖြေကြားမှုအရ ဝင်ငွေလုံးဝမရှိဘဲ မိသားစုနှင့် မိတ်ဆွေသူငယ် ချင်းများ၏ ထောက်ပံ့မှုဖြင့် ရပ်တည်နေရသူ (၅၅) ရာခိုင်နှုန်းခန့်ရှိပြီး သတင်းဌာနက လစာအနည်းငယ် ထောက်ပံ့မှုရသူ (၁၅) ရာခိုင်နှုန်း၊ ဖုန်းဘေလ်နှင့် အင်တာနက်အသုံးပြုထောက်ပံ့ကြေးလောက်သာ ရရှိသူ (၅) ရာခိုင်နှုန်း၊ သတင်းဌာနမှလစာဖြင့် ရပ်တည်နိုင်သူ (၁၀) ရာခိုင်နှုန်းနှင့် အွန်လိုင်းဈေးရောင်းချပြီး ရပ်တည် နေရသူ (၁၅ )ရာခိုင်နှုန်း ဝန်းကျင်ရှိသည်။

ထွက်ပြေးတိမ်းရှောင်နေထိုင်နေရသည့် သတင်းသမားများအနေဖြင့် ဝင်ငွေ၊ ရပ်တည်ရေးနှင့် လုံခြုံ ရေးအတွက် ကြီးမားသောစိန်ခေါ်မှုနှင့် ရင်ဆိုင်နေရသည်ဟု စစ်တမ်း၏ (၉၀)ရာခိုင်နှုန်းကျော်သော သတင်း သမားများက ဖြေကြားထားသည်။ ထွက်ပြေးတိမ်ရှောင်နေရသည့်အတွက် စရိတ်စားခ ပိုမိုကြီးမြင့်လာခြင်း၊ ကုန်ဈေးနှုန်းပိုမိုကြီးမြင့်လာခြင်း တို့ကြောင့် ပိုမိုကြပ်တည်းစွာရုန်းကန်နေထိုင်နေရသည်ဟု ဆိုကြသည်။

## ၄.၃။ သတင်းရင်းမြစ် နှင့် သတင်းရပိုင်ခွင့် ကန့်သတ်ခံရခြင်းကြောင့် ကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှုရှိလာခြင်း။

စစ်တမ်းအရ သတင်းဌာန (၁၇) ခုတွင် သတင်းများကို သတင်းစာပညာ စံနှုန်းများအတိုင်း ဘက်မျှစွာ ရေးသားနိုင်ရန်အတွက် စိန်ခေါ်မှုများရှိနေသည်ဟု ဆိုကြသည်။

သတင်းများအတည်ပြုရန်အတွက် စစ်ကောင်စီနှင့် ဌာနဆိုင်ရာများက သတင်းဌာန ခွဲခြားဆက်ဆံ ခြင်း၊ သတင်းထောက်နှင့် သတင်းဌာနဘေးကင်းလုံခြုံရေးနှင့် သတင်းအချက်အလက်များအပေါ် အတည်ပြု ရန်ခက်ခဲခြင်းတို့ကြောင့် ဘက်တစ်ဘက်တည်းရေးသားနေရသည့် သတင်းများသာ ပိုမိုများပြားလာသည့် အတွက် သတင်းစာကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှုများရှိသည်ဟု ၎င်းတို့ကဆိုကြသည်။

သတင်းလွတ်လပ်ခွင့်ပျောက်ဆုံးနေခြင်းကြောင့် ကျင့်ဝတ်များလည်း ထိခိုက်လာရသည်ဟု သတင်းဌာန ၆ ခုမှဖြေကြားထားပြီး၊ သတင်းစာကျင့်ဝတ်မှာ ဆိုးဆိုးရွားရွားထိခိုက်လာခြင်းကြောင့် စာဖတ်သူများ သတင်းအချက်အလက် သုံးသပ်နိုင်ခြင်းအပေါ် ထိခိုက်လာသည်ဟု သတင်းဌာန နှစ်ခုက ဆိုသည်။ သတင်းဖြစ်ရပ်တွင် တဘက်အသံသာ အသုံးပြုထုတ်လုပ်နေခြင်းကြောင့် ကျင့်ဝတ်စံနှုန်းအပေါ် ထိခိုက်မှုများ ရှိလာသည်ဟုလည်း သတင်းဌာန လေးခုက ဖြေကြားထားသည်။ သတင်းဌာနတစ်ခုမှ ၎င်းတို့အနေဖြင့် ကျင့်ဝတ်စံနှုန်းများကို မပြောင်းလဲဘဲ ယခင်က သတင်းဌာနမူဝါဒအတိုင်း လိုက်နာလုပ်ကိုင်လျှက်ရှိသည်ဟု ဆိုသည်။

သတင်းစာကျင့်ဝတ်စံနှုန်းများကို သိရှိလိုက်နာလိုသော်လည်း စစ်ကောင်စီနှင့် ၎င်း၏ လက်အောက်ခံဌာနဆိုင်ရာများမှ ဆက်သွယ်မေးမြန်းလျှင် မဖြေကြားခြင်းနှင့် သတင်းရင်းမြစ်များ ဘေးကင်းလုံခြုံရေးနှင့် သတင်းထောက်နှင့် သတင်းဌာန ဘေးကင်းလုံခြုံရေးကို ဦးစားပေးရသည့်အတွက် ကျင့်ဝတ်များကို အပြည့်အဝ မလိုက်နာနိုင်ခြင်းဖြစ်သည် ဟုလည်း  သတင်းဌာန အများစုက ဆိုကြသည်။

သတင်းဌာနများ ကျင့်ဝတ်စံနှုန်းများ လိုက်နာမှု အားနည်းလာခြင်းကြောင့် စာဖတ်သူများအပေါ် သတင်းအချက်အလက် အမှန်သိရှိခြင်းနှင့် သုံးသပ်နိုင်ရန် လုံလောက်သော သတင်းအချက်အလက်မရရှိသည့် သက်ရောက်မှုများ ရှိနေသည်ဟုလည်း သတင်းဌာန တစ်ခုက ဖြေကြားထားသည်။

သတင်းမီဒီယာကောင်စီဟောင်းမှ ကောင်စီဝင်တစ်ဦးမှ လက်ရှိ သတင်းဖော်ပြမှုများ နှင့်ပတ်သက်၍ သတင်းသမားများ မြေပြင်တွင် သတင်းရယူနိုင်ခြင်းမရှိသည့်အတွက် ကိုယ်တိုင်သတင်းရယူ ထုတ်လုပ်နိုင်မှုအပိုင်းသည် သတင်းစာပညာစံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်သည့် သတင်းများအတွက် အခွင့်အလမ်းနည်းပါးလာရခြင်းကြောင့် သတင်းစားသုံးသူများ အတွက်ဆုံးရှုံးမှုဖြစ်လာရသည်ဟုလည်း သတင်းထောက်များ ဘေးကင်းလုံခြုံရေးအရ မြေပြင်တွင် ကွင်းဆင်းသတင်းရယူနိုင်သည့်အခြေအနေ အားနည်းလာသည်နှင့် အမျှ သတင်းစာကျင့်ဝတ်စံနှုန်း များအပေါ် သက်ရောက်မှု ရှိလာသည့်အပေါ် သုံးသပ်ထားသည်။

## အခန်း(၅) အင်တာနက်နှင့် ဖုန်းလိုင်းများ ဖြတ်တောက်ခြင်းကြောင့် မီဒီယာအပေါ် သက်ရောက်မှု

အင်တာနက် ဖြတ်တောက်မှုများသည် လက်ရှိတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း (၃၀) မြို့နယ်ရှိပြီး ထိုသို့ အင်တာနက်ဖြတ်ခံရခြင်းအတွက် သတင်းဌာနများအနေဖြင့် သတင်းမှန်များရရှိရန်နှင့် သတင်းများ အချိန်မီတင်ဆက်နိုင်ရန် အခက်အခဲများစွာရှိနေသည်ဟု ဆိုကြသည်။

အင်တာနက်နှင့်ဖုန်းလိုင်းများကို စစ်ကောင်စီအား ပြန်လည် ခုခံတွန်းလှန်သည့် နယ်မြေဒေသများတွင် အဓိကထားဖြတ်တောက်မှုများ လုပ်ဆောင်လျှက်ရှိသည့်အတွက် အဆိုပါဒေသတွင် ဖြစ်နေသည့်အခြေအနေမှန်များရရှိရန် ခက်ခဲကြန့်ကြာခြင်း၊ သတင်းအချက်အလက်များ စိစစ်ရန်ခက်ခဲခြင်းနှင့် သတင်းဓါတ်ပုံနှင့် ရုပ်သံသတင်းများအတွက် ကြီးမားသော အခက်အခဲများ ဖြစ်ပေါ်ရသည်ဟု သတင်းသမား (၈၀) ဦးက စစ်တမ်းတွင် ထောက်ပြထားသည်။

သတင်းသမားအများစုမှာ ဘေးကင်းလုံခြုံရေးကို စိုးရိမ်နေရသည့်အတွက် မြေပြင်အခြေအနေများကို သတင်းဖြစ်ပေါ်နေသည့် အဆိုပါဒေသမှ ဒေသခံပြည်သူများနှင့် ပဋိပက္ခဖြစ်စဉ်များတွင် တိုက်ရိုက်ပါဝင်ပတ်သက်သူများထံ ဆက်သွယ်မေးမြန်း သတင်းရယူရခြင်းများကိုသာ အများဆုံးအခြေခံရသည့်အတွက် သတင်းဌာနနှင့် သတင်းသမားများအတွက် ကြီးမားသော စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရသည်ဟုဆိုသည်။

ထိုသို့ ဖြတ်တောက်ခံထားရခြင်းကြောင့် သတင်းအမှန်ရရှိရေး၊ သတင်းအချက်အလက် စိစစ်နိုင်ရန်နှင့် အချိန်နှင့်တပြေးညီ သတင်းများဖော်ပြနိုင်ရန်အတွက် အခက်အခဲများစွာရှိသည်ဟု စစ်တမ်းတွင် ဖြေကြားထားသည်။

# အခန်း(၆)　သတင်းမီဒီယာအဖွဲ့အစည်းများ အားနည်းလာခြင်းကြောင့် သတင်းလွတ်လပ်ခွင့်နှင့် သတင်းသမားအခွင့်အရေးများ ဆုံးရှုံးလာရခြင်း

**၆.၁။　သတင်းမီဒီယာကောင်စီမှ သတင်းမီဒီယာဥပဒေပါ ရည်ရွယ်ချက်များနှင့် သတင်းသမားများ၏ ရပိုင်ခွင့်များအပေါ် လျစ်လျူရှုလာခြင်း။**

စစ်ကောင်စီမှ အာဏာသိမ်းပြီးနောက် ရက်ပိုင်းအတွင်းမှာပင် သတင်းမီဒီယာဥပဒေအရ ပေါ်ပေါက်လာသည့် သတင်းမီဒီယာကောင်စီမှ စစ်ကောင်စီ၏ အာဏာသိမ်းစ ရက်ပိုင်းမှာပင် သတင်းမီဒီယာများအပေါ် ကန့်သတ်တားမြစ်မှုနှင့် သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို ဟန့်တားချုပ်ကိုင်မှုများ လုပ်ဆောင်လာသည့်အတွက် ကောင်စီဝင်များ တစ်ဦးချင်း မိမိသဘောဆန္ဒ အလျောက် နှုတ်ထွက်ခဲ့ကြသည်။ ဖေဖော်ဝါရီလ(၁၇)ရက်နေ့ အစည်းအဝေးတွင် ကောင်စီဝင် (၁၇)ဦး တပြိုင်တည်း နှုတ်ထွက်ခဲ့ကြပြီး အစည်းအဝေး မတက်ရောက်ခဲ့သည့် ကျန်ရှိသည့် ကောင်စီဝင်များလည်း နောက်ရက်များတွင် နှုတ်ထွက်ခဲ့ကြသည်။

သို့သော် ကောင်စီယာယီဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးမှူးသာ ကောင်စီတွင် ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိခဲ့သည်။ ထိုသို့ ကောင်စီဝင်အားလုံးနီးပါး နှုတ်ထွက်လိုက်သည့်အတွက် မတ်လ(၄)ရက် နေ့တွင် စစ်ကောင်စီမှ နှုတ်ထွက်လိုက်သည့် သတင်းမီဒီယာကောင်စီဝင်(၂၃)ဦးအား ကောင်စီဝင်အဖြစ် မှ ရပ်စဲကြောင်း ကြေညာခဲ့သည်။

ကောင်စီဝင်များနှုတ်ထွက်လိုက်သည့်အတွက် ယခင် ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီဝင်များ ရွေးခြယ်တင်မြှောက်ရေးအဖွဲ့ မှ နှုတ်ထွက်သွားသည့်အတွက် အသစ်တဖန် အစားထိုး ထားသည့် သတင်းမီဒီယာကောင်စီဝင်များရွေးချယ်တင်မြှောက်ရေးအဖွဲ့မှ လစ်လပ်သွားသည့် သတင်းမီဒီယာ ကောင်စီဝင် နေရာများအတွက် အစားထိုးရွေးချယ်မှုကို ၂၀၂၁ ခုနှစ်၊ ဧပြီ (၃၀) ရက်တွင် ပြုလုပ်ခဲ့သည်။ ထိုသို့ ရွေးချယ်ရာတွင် စစ်ကောင်စီပုံဖော်ချုပ်ကိုင်လိုသည့် သတင်းသမား မဟုတ်သူများ အများစုဖြင့် အစားထိုး ရွေးချယ်ခဲ့သည်။

သတင်းသမားကိုယ်စားပြုဖွဲ့စည်းထားသည့် အဖွဲ့အစည်းအများစုနှင့် သတင်းအေဂျင်စီများ၊ တစ်သီး ပုဂ္ဂလရွေးချယ်ကိုယ်စားပြုခွင့်များကို သတင်းလွတ်လပ်ခွင့်ကို တန်းဖိုးထားသော သတင်းသမားများမှ အသိ အမှတ်ပြုခြင်းမရှိခဲ့ပေ။

အာဏာသိမ်းပြီးနောက် ပေါ်ပေါက်လာသည့် သတင်းမီဒီယာကောင်စီသည့် သတင်းမီဒီယာသမား များ၏ လွတ်လပ်ခွင့်နှင့် အခွင့်အရေးများအပေါ် ဟန့်တားဖိနှိပ်သည့် ထုတ်ပြန်ချက်များသာ ဆက်တိုက် ဆိုသလို ထုတ်ပြန်ခဲ့သည်။

သတင်းမီဒီယာကောင်စီသည် စစ်ကောင်စီလက်ထက် လက်ရှိကာလ(ဒီဇင်ဘာလ)အထိ ထုတ်ပြန် ကြေညာချက် (၆) စောင်ထုတ်ခဲ့ပြီး ထုတ်ပြန်ချက်များမှာ စစ်ကောင်စီမှ သတင်းလွတ်လပ်ခွင့်ကို ဖိနှိပ်ဟန့်တား ရန် ထုတ်ဝေခွင့်လိုင်စင်ပိတ်သိမ်းခံရသည့် သတင်းမီဒီယာများအပေါ် သတင်းမီဒီယာကောင်စီမှ ဥပဒေပါ

ရည်ရွယ်ချက်နှင့် သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်များကို လျစ်လျူရှုကာ အဆိုပါ ထုတ်ဝေခွင့်လိုင်စင်ပိတ်သိမ်းခံရသည့် သတင်းဌာနများနှင့် ပတ်သက်ပြီး စစ်ကောင်စီနှင့် သဘောထားများကို အကောင်အထည်ဖော်ရပ်တည်သည့် သဘောထားထုတ်ပြန်ချက်မျိုး ထုတ်ပြန်ခဲ့သည်။

၄င်းမှာ ဖွန်လ(၂၅)ရက်က ကြေညာခဲ့သည့် ကြေညာချက်အမှတ် - ၅/၂၀၂၁ တွင် "သတင်းဌာန အချို့သည် သတင်းမီဒီယာဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ်များကို ချိုးဖောက်လျက် မြန်မာ့လူ့အဖွဲ့အစည်း၏ပဋိပက္ခများ ပိုမိုကြီးထွားလာစေရန်လုပ်ဆောင်နေကြသဖြင့် နိုင်ငံတော်မှ ယင်းသတင်းဌာနများကို လိုင်စင်ပိတ်သိမ်းလျက် တရားမဝင်သတင်းဌာနများအဖြစ် ကြေညာခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ သတင်းမီဒီယာသမားများသည် အဆိုပါ လိုင်စင်ပိတ်သိမ်းခံထားရသည့် တရားမဝင်သတင်းဌာနများနှင့် ဆက်သွယ်ခြင်း၊ သတင်းပေးပို့ခြင်းများကြောင့် ဖြစ်ပေါ်လာမည့် တည်ဆဲဥပဒေ၊ သတင်းမီဒီယာဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ်ချိုးဖောက်မှုများဆိုင်ရာ အငြင်းပွားမှုများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အနေဖြင့် တာဝန်ခံညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်" ဆိုသည့် သဘောထား ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

ထိုသို့ပင် ဖွန်လ (၂၁) ရက်က ထုတ်ပြန်ကြေညာချက်ဖြစ်သည့် ကြေညာချက်အမှတ် - ၄/၂၀၂၁ တွင်လည်း "၁၅-၆-၂၀၂၁ ရက်နေ့က ဖြစ်ပွားခဲ့သော မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ကင်းမကျေးရွာမီးလောင်မှုဖြစ်စဉ်အား သတင်းထုတ်ပြန်ခဲ့ကြရာတွင် လိုင်စင်ပိတ်သိမ်းခြင်းခံထားရသည့် ပြည်တွင်းသတင်းမီဒီယာအချို့၊ နိုင်ငံတကာသတင်းဌာနအချို့နှင့် သံရုံးအချို့တို့သည် ဖြစ်စဉ်အမှန်နှင့် ဆန့်ကျင်သော သတင်းမှားများကို ထုတ်လွှင့်ဖော်ပြခဲ့ကြောင်း တွေ့ရှိရပါသည်။ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း" ထုတ်ပြန်ခဲ့ပြန်သည်။

သတင်းမီဒီယာဥပဒေ၏ ရည်ရွယ်ချက်နှင့် သတင်းသမားများ၏ ရပိုင်ခွင့်များကို အကာအကွယ်ပေးဆောင်ကြဉ်းရမည့် သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာများနှင့် သတင်းသမားများအပေါ် စစ်ကောင်စီ၏ သဘောထားအတိုင်း ရပ်တည်နေသည့်အပေါ် သတင်းသမားတစ်ဦးက "သတင်းသမားအခွင့် အရေးဆိုင်ရာကာကွယ်ပေးရမည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် အာဏာသိမ်းစစ်တပ် အလိုကျ လိုက်နာ ဆောင်ရွက်သူများဖြင့် ဖွဲ့စည်းထားသဖြင့် အဆိုပါအဖွဲ့သည်လည်း သုံးစားမရဟု ဆိုထားပြီး သတင်းသမားများကို ကာကွယ်ခြင်းထက် အာဏာသိမ်း စစ်တပ်အလိုကျ ဖိနှိပ်ရန်သာ သတင်းမီဒီယာကောင်စီက ကြိုးစားနေသည်" ဟု စစ်တမ်းတွင် ဖြေကြားထားသည်။

နိုဝင်ဘာလ(၂၄)ရက်တွင် တတိယအကြိမ် သတင်းမီဒီယာကောင်စီဝင်များအဖြစ် စစ်ကောင်စီထံ ကတိသစ္စာပြုသည့် အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ကြသည်။ အာဏာသိမ်းကာလတွင် သတင်းလွတ်လပ်ခွင့်၊ သတင်းသမားအခွင့်အရေးနှင့် စွမ်းရည်မြှင့်တင်ရေးအတွက် ဖွဲ့စည်းထားသည့် သတင်းထောက်နှင့် သတင်းမီဒီယာအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများနှင့် သတင်းလွတ်လပ်ခွင့်နှင့် သတင်းသမား အခွင့်အရေးများအပေါ် ချိုးဖောက်မှုများနှင့်ပတ်သက်သည့် တောင်းဆိုမှုများ တဖြည်းဖြည်းနည်းပါး ပျောက်ကွယ်လာရသည်။

**၆.၂။ သတင်းသမားအဖွဲ့အစည်းများနှင့် သတင်းဌာနများ၏ သတင်းလွတ်လပ်ခွင့်နှင့် ဖိနှိပ်မှုများအပေါ် သဘောထားထုတ်ပြန်မှုများ။**

အာဏာသိမ်းစတွင် လအနည်းငယ်အတွင်းတွင် သတင်းသမားများ၏ ရပိုင်ခွင့်များနှင့် သတင်းလွတ်လပ်ခွင့်များ၊ သတင်းသမားများအပေါ် ဖိနှိပ်နေခြင်းနှင့်ပတ်သက်ပြီး သတင်းသမားအဖွဲ့အစည်းများက သဘောထား ကြေညာချက်များ ထုတ်ပြန်တောင်းဆိုခဲ့ကြသည်။ သတင်းသမားအဖွဲ့အစည်းများ၏ တောင်းဆိုချက်များ၊ ကန့်ကွက်ရှုတ်ချမှုများအပေါ် စစ်ကောင်စီမှ လျစ်လျူရှုကာ သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့် သတင်းသမားများအပေါ် ဖိနှိပ်မှုများ ပိုမိုပြင်းထန်လာခြင်းကြောင့် အဖွဲ့အစည်းများ၏ သဘောထားထုတ်ပြန်မှုများ လျော့နည်းလာခဲ့သည်။

တိုင်းရင်းသားသတင်းဌာနများ စုပေါင်းဖွဲ့စည်းထားသည့် Burma News International(BNI) အနေဖြင့် သတင်းလွတ်လပ်ခွင့်ဆိုင်ရာ ထုတ်ပြန်ကန့်ကွက်မှုအချို့ရှိခဲ့သည်။ ဖေဖော်ဝါရီလ (၁၀) ရက်နေ့ သဘောထားထုတ်ပြန်ချက်တွင် နိုင်ငံရေးမတည်ငြိမ်မှုဖြစ်နေသည့် အခြေအနေတွင် နိုင်ငံအဝှမ်းရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် သတင်းအချက်အလက် တိကျမှန်ကန်စွာ ရရှိရန် လိုအပ်သည့်အတွက် သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် အများပြည်သူ သတင်းသိရှိပိုင်ခွင့်ကို ဖိနှိပ်ခြင်းမပြုရန်၊ သတင်းသိရှိပိုင်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုထိခိုက်စေသည့် လုပ်ဆောင်ချက်များ မပြုလုပ်ရန်၊ လူထုလှုပ်ရှားမှုများကို သတင်းရယူနေသည့် သတင်းသမားများအား အကြမ်းဖက်ဖိနှိပ်ချုပ်ခြယ်ခြင်းမပြုရန်နှင့် သတင်းမီဒီယာလွတ်လပ်ခွင့်၊ အများပြည်သူ သတင်းသိရှိပိုင်ခွင့်နှင့်သတင်းထောက်များ ဘေးကင်းလုံခြုံရေးကိစ္စရပ်များတွင် ပြည်တွင်းမီဒီယာအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်များ အတူတကွ ရပ်တည်ပေးရန် စသည့်အချက်များ သဘောထားထုတ်ပြန်ခဲ့သည်။

ဖေဖော်ဝါရီလ(၁၃)ရက်နေ့တွင် သတင်းသမားအဖွဲ့အစည်းများအပါအဝင် သတင်းဌာန(၂၈)ဖွဲ့က သတင်းလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာပြောဆိုခွင့်ကို ကန့်သတ်ဖိနှိပ်မည့် ဥပဒေတစ်ရပ်ကို အာဏာသိမ်းစတွင် စစ်ကောင်စီမှ ပြင်ဆင်လာခဲ့သည်။ အဆိုပါပြင်ဆင်လာသည့် ဆိုင်ဘာလုံခြုံရေးဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့် ပတ်သက်ပြီး နိုင်ငံသားတိုင်း၏ အခြေခံအခွင့်အရေးနှင့် သတင်းမီဒီယာဥပဒေက ပေးထားသည့် သတင်းလွတ်လပ်ခွင့်ကို ချိုးဖောက်ရာရောက်သည့်အတွက် ပြင်းပြင်းထန်ထန်ဆန့်ကျင်ကန့်ကွက်ကြောင်း ထုတ်ပြန်ခဲ့ကြသည်။

ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် သတင်းဌာနပေါင်း (၃၀)မှ "လွတ်လပ်သော သတင်းမီဒီယာများ၏ သဘောထားထုတ်ပြန်ချက်" ဟုဆိုကာ ပြန်ကြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ(၁၃)ရက်နေ့နှင့် (၂၃)ရက်နေ့တို့တွင် သတင်းမီဒီယာများထံ ပေးပို့ခဲ့သည့် မေတ္တာရပ်ခံ သတိပေးအကြောင်းကြားစာများတွင် "အာဏာသိမ်းအစိုးရ၊ စစ်အစိုးရ၊ စစ်ကောင်စီဟု သတင်းမီဒီယာများအနေဖြင့် ရေးသားထုတ်လွှင့် ဖော်ပြခြင်းမပြုရန်" ပါရှိပြီး အဆိုပါ ပြောကြားချက်များသည် သတင်းမီဒီယာ၏ လွတ်လပ်စွာရေးသားထုတ်ဖော်ခွင့်ကို ထိပါးစေသည့်အတွက် လွတ်လပ်သောသတင်းမီဒီယာများအနေဖြင့် ရေးသားထုတ်လွှင့်ဖော်ပြသည့် အကြောင်းအရာများနှင့် အသုံးအနှုန်းများကို သတင်းမီဒီယာ၏ ကျင့်ဝတ်စံနှုန်းများနှင့်အညီ လွတ်လပ်စွာ ဆက်လက်ရေးသားထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်လိုက်ကြောင်း ဆိုခဲ့သည်။

မတ်လ (၂) ရက်က သတင်းသမားများ ဖမ်းဆီးခံနေရမှုအပေါ် အမြန်ဆုံး လွှတ်ပေးရန်နှင့် သတင်းသမားများအား ဖမ်းဆီးစဉ် ရိုက်နှက်ခြင်း၊ အချိန်မတော် နေအိမ်များတွင် ဝင်ရောက်ဖမ်းဆီးခြင်း၊ သတင်းလုပ်ငန်းသုံးပစ္စည်းများ ဖုန်းနှင့် ကင်မရာများ ဖျက်ဆီးသိမ်းဆည်းခြင်းများအပေါ် ပြင်းထန်စွာ ကန့်ကွက်ကြောင်း၊ အများပြည်သူသတင်းသိပိုင်ခွင့်ကို တာဝန်ထမ်းဆောင်နေသည့် သတင်းသမားများအား ဖမ်းဆီးခြင်း၊ တရားစွဲ ဆိုခြင်းများကို ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်းနှင့် သတင်းသမားများ အမြန်ဆုံးပြန်လွှတ်ပေးရန် "မြန်မာဂျာနယ်လစ်ကွန်ယက်၊ လားရှိုးသတင်းသမားများအဖွဲ့၊ တောင်ကြီးသတင်းထောက်များအသင်း၊ မြေလတ်ဂျာနယ်လစ်ကွန်ယက်၊ မြန်မာနိုင်ငံတောင်ပိုင်းဂျာနယ်လစ်ကွန်ယက်၊ မြန်မာဂျာနယ်လစ်ကွန်ယက် (ဧရာဝတီ)နှင့် မြန်မာအမျိုးသမီးသတင်းသမားများအဖွဲ့တို့က သဘောထားကြေညာချက်ထုတ်ပြန် တောင်းဆိုခဲ့သည်။

BNI သည် မတ်လ (၁၀) ရက်နေ့တွင်လည်း သတင်းဌာနငါးခု ထုတ်ဝေခွင့်ရုပ်သိမ်းခံရခြင်း နှင့် သတင်းဌာနနှစ်ခု၏ ရုံးများအား ရှာဖွေခြင်းနှင့် သတင်းလုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းခဲ့မှုများနှင့် ပတ်သက်၍လည်း ပြင်းထန်စွာကန့်ကွက်ကြောင်း ထုတ်ပြန်ခဲ့သည်။

မေလ ၁၃ ရက်က ပြည်မြို့အခြေစိုက် DVB သတင်းထောက် ကိုမင်းညိုအား ရာဇသတ်ကြီး ဥပဒေ ပုဒ်မ-၅၀၅-က ဖြင့် ထောင်ဒဏ်(၃) နှစ်ချမှတ်ခဲ့သည့်အပေါ် သတင်းလွတ်လပ်ခွင့်ကို တိုက်ရိုက် ခြိမ်းခြောက်သည့် လုပ်ရပ်ဖြစ်သည့်အတွက် ကန့်ကွက်ရှုတ်ချကြောင်းအဆိုပါ အဖွဲ့(၇) ခုမှ သဘောထားထုတ်ပြန်ခဲ့သည်။

အာဏာသိမ်းစကာလတွင် ပြည်တွင်းမှ သတင်းထောက်များဖြင့် စုဖွဲ့ထားသည့် ဒေသအသီးသီးမှ ဂျာနယ်လစ်ကွန်ရက်၊ အသင်း၊ အဖွဲ့များက သတင်းလွတ်လပ်ခွင့်ဖိနှိပ်မှုအပေါ် ကြေညာချက်ထုတ်ပြန် ကန့်ကွက်မှုများရှိခဲ့သော်လည်း နောက်ပိုင်းတွင် သတင်းသမားများ ဖမ်းဆီးခံရခြင်းနှင့် ထွက်ပြေးတိမ်းရှောင်နေရခြင်းများကြောင့် သတင်းလွတ်လပ်ခွင့်တောင်းဆိုမှု အသံများပျောက်ကွယ်သွားခဲ့သည်။

သတင်းသမားအဖွဲ့အစည်းများက သတင်းလွတ်လပ်ခွင့်နှင့် သတင်းသမားရပိုင်ခွင့်များ တောင်းဆိုခြင်းနှင့်ပတ်သက်ပြီး မြန်မာဂျာနယ်လစ်ကွန်ယက်၏ အလုပ်အမှုဆောင်တစ်ဦးမှ "သတင်းသမားအဖွဲ့အစည်းများ အနေဖြင့် တောင်းဆိုမှုများ၊ ထုတ်ပြန်ချက်များသည် ထိရောက်မှုမရှိခြင်းနှင့် သတင်းသမားများကိုယ်တိုင် ပေါ်ပေါ်ထင်ထင်နေထိုင်ရန် အခြေအနေမပေးသည့် ကာလ ဖြစ်သည့်အတွက် (Advocacy) နည်းလမ်းများက ထိရောက်ခြင်းမရှိဟု ရှုမြင်လာခြင်းကြောင့် နောက်ပိုင်းအဖမ်းခံရတဲ့ ကိစ္စများမှာ သတင်းသမားအဖွဲ့အစည်းများ ထုတ်ပြန်ချက်များ အားနည်းလာခြင်းဖြစ်သည်" ဟု ဆိုသည်။

BNI မှ စက်တင်ဘာလ (၂၈) ရက်တွင် သတင်းမီဒီယာသမားများကို ဖိနှိပ်ခြင်းနှင့် သတင်းသမားများကို ဆက်တိုက်ဖမ်းဆီးနေသည့်အပေါ် သဘောထားထုတ်ပြန်ချက် တစောင်ထုတ်ပြန်ခဲ့သည်။ ထိုသဘောထားထုတ်ပြန်ချက်တွင် သတင်းသမားများအား ခိုင်မာသည့်အကြောင်းပြချက်မရှိဘဲ ဖမ်းဆီးနေခြင်းသည် သတင်းလွတ်လပ်ခွင့်နှင့် သတင်းသမားများ၏ ဘေးကင်းလုံခြုံရေးကို ကြီးမားစွာထိခိုက်စေခြင်း၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၂၅ မြို့နယ်အား အင်တာနက် ဆက်သွယ်မှုဖြတ်တောက်ခြင်းသည် အများပြည်သူ သတင်းသိပိုင်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ရည်ရွယ်ချက် ရှိရှိ ချိုးဖောက်ခြင်းဟု ရှုမြင်ကြောင်းထုတ်ပြန်ခဲ့သည်။

ထို့အတွက် ဖမ်းဆီးထားသည့် သတင်းသမားများ အမြန်ဆုံးလွှတ်ပေးရန်၊ သတင်းသမားများအား အကျဉ်းထောင် အသီးသီးနှင့် စစ်ကြောရေးစခန်းများတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်

မှုများ မပြုရန်၊ သတင်းသမားများအပေါ် ထုတ်ပြန်ထားသည့် ဝရမ်းများ ရုပ်သိမ်းပေးရန်၊ ထုတ်ဝေခွင့်လိုင်စင် ရုတ်သိမ်းထားသည့် သတင်းဌာနများအား ပြန်လည်ထုတ်ဝေခွင့်ပြုရန်၊ လွတ်လပ်စွာသတင်းရယူ၊ ရေးသား ခွင့်နှင့် သတင်းအချက်အလက် သိရှိရယူခွင့်ကို လေးစားလိုက်နာရန် ဆိုသည့်အချက်များ တောင်းဆိုခဲ့သည်။

# အခန်း(၇) ပြည်တွင်းမီဒီယာများ ရပ်တည်ရှင်သန်ရေးအတွက် အကြံပြုချက်များ

## ၇.၁။ လွတ်လပ်ခွင့်နှင့် ရပ်တည်ရေး။

(၁) သတင်းလွတ်လပ်ခွင့်သည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ်(၁၉) အရ လွတ်လပ်စွာ သတင်းရေးသားထုတ်လွှင့်ခွင့်ကို အပြည့်အဝ ရရှိရန်လိုအပ်သည်။

(၂) စစ်ကောင်စီသည် သတင်းမီဒီယာများနှင့် သတင်းသမားများ၏ဂုဏ်အင်္ဂါရပ်အပေါ်လေးစားလိုက်နာပြီး သတင်းသမားများအား ဖမ်းဆီးခြင်း၊ အကြမ်းဖက်ရိုက်နှက်ညှင်းပန်းခြင်းများနှင့် သတင်းမီဒီယာများနှင့် သတင်းသမားများအပေါ် ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုများနှင့် အရေးယူ၊ အမှုဖွင့်နေခြင်းများကို အမြန်ဆုံး ရပ်တန့်ရမည်။

(၃) ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းလိုက်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေသည် သတင်းလွတ်လပ်ခွင့်ကို ဖိနှိပ်ကန့်သတ်နေခြင်း၊ လွတ်လပ်သော သတင်းမီဒီယာများအဖြစ်ရပ်တည်ရန် ဟန့်တားခြင်း၊ အွန်လိုင်းအခြေပြု ရုပ်သံသတင်းတင်ဆက်မှုများ ချုပ်ငြိမ်းပျောက်ကွယ်ရန် ဟန့်တားခြင်း၊ သတင်းလွတ်လပ်ခွင့်စံနှုန်းများနှင့် သွေဖယ်နေပြီး ထိုသို့သော ဥပဒေများ ပြဋ္ဌာန်းအသုံးချနေခြင်းကို စစ်ကောင်စီမှ ရပ်တန့်ရမည်။

(၄) သတင်းမီဒီယာများနှင့် သတင်းသမားများကို ရာဇသတ်ကြီးဥပဒေ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ ၂၀၁၄ ခုနှစ်အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပြင်ဆင်ချက်ဥပဒေပြဋ္ဌာန်းပြီးလည်းကောင်း၊ ၁၉၀၈ ခုနှစ် မတရားအသင်းအက်ဥပဒေဖြင့်လည်းကောင်း၊ ၁၉၀၈ ခုနှစ် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေ ဖြင့် သတင်းသမားများကို ဖမ်းဆီးခြင်း၊ အမှုဖွင့်ခြင်း၊ တရားစွဲဆိုခြင်းများ ရပ်ဆိုင်းပြီး သတင်းမီဒီယာဥပဒေပါ ပြဋ္ဌာန်းများအတိုင်းသာ ဆောင်ရွက်ရန် လိုအပ်သည်။

(၅) သတင်းဌာနများကို ထုတ်ဝေခွင့်လိုင်စင် ရုပ်သိမ်းခြင်း၊ ရုပ်သံလိုင်းများကို ဖြတ်တောက်ခြင်း၊ သတင်းဌာန ဝက်ဘ်ဆိုက်ဒ်များနှင့် ဖေ့စ်ဘွတ်များကို ဖြတ်တောက်ကန့်သတ်ခြင်းများကိုလည်း ရပ်ဆိုင်းရန် လိုအပ်သည်။

(၆) သတင်းဌာနများနှင့် သတင်းသမားများကို စောင့်ကြည့်ခြင်း၊ ရှာဖွေခြင်း၊ လိုက်လံစုံစမ်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ အမှုဖွင့်အရေးယူခြင်းနှင့် တရားစွဲဆိုခြင်းများကို ရပ်တန့်ရန် လိုအပ်သည်။

(၇) စစ်ကောင်စီနှင့် စစ်ကောင်စီလက်အောက်ခံဌာနအသီးသီးမှ သတင်းသမားများနှင့် သတင်းဌာနများအပေါ် သတင်းရယူ၊ မေးမြန်းခွင့်များနှင့်ပတ်သက်ပြီး ကန့်သတ်ခြင်း၊ ခွဲခြားခြင်း၊ ငြင်းဆိုခြင်းများ မပြုလုပ်ရန် လိုအပ်သည်။

(၈) သတင်းမီဒီယာဖွံ့ဖြိုးရေးထောက်ပံ့ဆောင်ရွက်နေသည့် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ မြန်မာနိုင်ငံ၏ သတင်းဌာနများနှင့် သတင်းသမားများအပေါ် သတင်းလွတ်လပ်ခွင့်နှင့် ရပ်တည်နိုင်ရေးအတွက် လုံလောက်၍ စဉ်ဆက်မပြတ်သော ထောက်ပံ့မှုများပေးရန်နှင့် မြန်မာနိုင်ငံ၏ သတင်း

လွတ်လပ်ခွင့်နှင့် သတင်းသမားများ အခွင့်အရေးများကို ရရှိရန် စဉ်ဆက်မပြတ် ထိရောက်သည့် ရပ်တည်တောင်းဆိုပေးခြင်းများ လိုအပ်သည်။

(၉) နိုင်ငံတကာအနေဖြင့် မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်နှင့် သတင်းသမားများ၏ ရပိုင်ခွင့်၊ အခွင့်အရေးများ၊ ရှင်သန်ရပ်တည်နိုင်ရေးအတွက် မူဝါဒ ထည့်သွင်းချမှတ်ပြီး သတင်းသမားတိုင်း လက်လှမ်းမီသည့် အခွင့်အလမ်းမျိုးဖန်တီးပေးရန်နှင့် ထောက်ပံ့မှုများ ပြုလုပ်နိုင်ရန် လိုအပ်သည်။

## ၇.၂။ ဘေးကင်းလုံခြုံရေးနှင့် ရပ်တည်ရေး။

(၁) သတင်းသမားများ၏ ဘေးကင်းလုံခြုံရေးသည် သတင်းမီဒီယာဥပဒေ အခန်း(၂)နှင့် အခန်း(၃)ပါ သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်များနှင့် နည်းဥပဒေပြဋ္ဌာန်းချက်များအတိုင်း အပြည့်အဝ ရရှိရန် လိုအပ်သည်။ သတင်းသမားများ၏ ဘေးကင်းလုံခြုံရေးကို အာမခံချက်ပေးပြီး ကာကွယ်ပေးရမည်။

(၂) သတင်းဌာနများနှင့် သတင်းသမားတိုင်းအား စောင့်ကြည့်ခြင်း၊ ရှာဖွေခြင်း၊ လိုက်လံစုံစမ်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ အမှုဖွင့်အရေးယူခြင်းနှင့် တရားစွဲဆိုခြင်းများခြင်းတို့မှ အာမခံချက်ပေးပြီး ကာကွယ်ပေးရန် လိုအပ်သည်။

(၃) သတင်းသမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ အပြည့်အဝရရှိရန် လိုအပ်သည်။

(၄) တည်ဆဲသတင်းမီဒီယာဥပဒေဖြင့် အရေးယူခြင်းမဟုတ်ဘဲ ရာဇဝတ်မှုဆိုင်ရာပုဒ်မများတပ်ကာ အမှုဖွင့် အရေးယူခြင်း၊ တရားစွဲဆိုခြင်းများကို ရပ်ဆိုင်းရန် လိုအပ်သည်။

(၅) သတင်းသမားတိုင်း စစ်ကောင်စီ၏ ပစ်မှတ်ထား စောင့်ကြည့်မှု၊ ဖမ်းဆီးမှု၊ ရှာဖွေမှုများမှ ရပ်ဆိုင်းရန် လိုအပ်သည်။

(၆) ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် သတင်းသမား ဘေးကင်းလုံခြုံရေးကို ဦးစားပေး ဆောင်ရွက်ပြီး သတင်းသမားတိုင်း လက်လှမ်းမီသည့် စနစ်မျိုးရရှိနိုင်စေရန် အကောင်အထည်ဖော် ပံ့ပိုးပေးရန် လိုအပ်သည်။

(၇) သတင်းဌာနများနှင့် သတင်းသမားများ ဘေးကင်းလုံခြုံရေးအတွက် ရွှေ့ပြောင်းသွားလာခြင်း၊ နယ်စပ်ဒေသများတွင် ရှောင်တိမ်းနေရခြင်း၊ လွတ်မြောက်နယ်မြေများတွင် ပြောင်းရွှေ့နေထိုင်ရခြင်းနှင့် ပြည်ပနိုင်ငံများသို့ တိမ်းရှောင်နေရခြင်းနှင့်ပတ်သက်ပြီး ၎င်းတို့ ဘေးကင်းလုံခြုံရေး၊ စား၊ဝတ်၊နေ၊ ရေးနှင့် သတင်းဌာနရပ် တည်နိုင်ရေးအတွက် ရေတိုနှင့်ရေရှည်စီမံကိန်းများ ချမှတ်အကောင်အထည် ဖော်ရန် လိုအပ်သည်။ ထိုအစီအစဉ်တွင် သတင်းသမားတိုင်း လက်လှမ်းမီ အကြုံးဝင်ရရှိစေရန်လည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

(၈) နိုင်ငံတကာနှင့် နယ်စပ်နှင့် ပြည်တွင်းတွင် ရွှေ့ပြောင်းနေထိုင်ရသူများ၏ ဘေးကင်းလုံခြုံရေးနှင့် ရှင်သန်ရပ်တည်ရေးအတွက်လည်း နိုင်ငံတကာအစိုးရများ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရ

မပတ်သော အဖွဲ့အစည်းများက အကာအကွယ်ရပိုင်ခွင့်နှင့် ထောက်ပံ့ကူညီမှုအခွင့်အလမ်းများ ဖော်ဆောင်ပေးရန် လိုအပ်သည်။

## ၇.၃။ အလုပ်အကိုင်အခွင့်အလမ်းနှင့် ရပ်တည်ရေး။

(၁) သတင်းမီဒီယာများ၏ ဂုဏ်သိက္ခာနှင့်အညီ ရပ်တည်နိုင်ရေးနှင့် သတင်းမီဒီယာဥပဒေ အခန်း (၂) ပါ ပြဋ္ဌာန်းချက်အတိုင်း ရရှိစေရန် ဒီမိုကရေစီစနစ် မြန်မာနိုင်ငံတွင် အမြန်ဆုံးထွန်းကားရန် လိုအပ်သည်။

(၂) သတင်းဌာနများအား ထုတ်ဝေခွင့်များ ရပ်ဆိုင်းခြင်းနှင့် တရားစွဲဆိုခြင်း၊ သတင်းသမားများအား ဖမ်းဆီးခြင်း၊ အမှုဖွင့်အရေးယူခြင်း၊ တရားစွဲဆိုခြင်း၊ ရှာဖွေခြင်း၊ စောင့်ကြည့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို ရပ်ဆိုင်းပြီး သတင်းဌာနများနှင့် သတင်းသမားများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ဂုဏ်သိက္ခာရှိရှိ တာဝန်ထမ်းဆောင်နိုင်ရန် အာမခံချက်ပေးရန် လိုအပ်သည်။

(၃) သတင်းဌာနများနှင့် သတင်းသမားများအပေါ်စွဲဆိုထားသည့် အမှုများ အမြန်ဆုံးရုတ်သိမ်းပေးရန်၊ ဖမ်းဆီးထားသည့် သတင်းသမားများ ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်လိုအပ်သည်။

(၄) သတင်းဌာနများ ရှင်သန်ရပ်တည်ရေးအတွက် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ရေတို၊ ရေရှည် ထောက်ပံ့မှု အစီအစဉ်များချမှတ်ပြီး အမြန်ဆုံးနှင့် အထိရောက်ဆုံး ကူညီအကောင်အထည် ဖော်ရန်လိုအပ်သည်။



## တကျော့ပြန် သတင်းလောက အမှောင်ခေတ်

သတင်းသမားများ၊ သတင်းမီဒီယာလုပ်ငန်းများအတွက် စိန်ခေါ်မှု နှင့် မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာဆန်းစစ်ချက်